ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 December 2024 ၁၁၆၅၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက် ဂုဏ်ယူဖွယ်ရာ ကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုး

### သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

ချစ်ခင်လေးစားအပ်ပါသော ထားဝယ်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နတ်တော်လဆန်း(၁)ရက်နေ့တွင် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ထားဝယ်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက်လည်း များစွာ ဂုဏ်ယူမိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း အသားဖူလုံရေးအတွက် ဒေသနွားနှင့် နို့စားနွား၊ ဒေသကျွဲနှင့် နို့စားကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်ရှိ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ယနေ့ ဖတ်စရာ

စိန်ရတုအကြိမ်မြောက်သို့ ရောက်ရှိလာခဲ့သော အမျိုးသားစာပေဆု
ဆောင်းပါး စာမျက်နှာ » ၆

ထိန်းသိမ်းနိုင်သောလောကတစ်ခု ဖန်တီးဆောင်ရွက်မှုများကို အားဖြည့်ပေးကြစို့
ဆောင်းပါး စာမျက်နှာ » ၁၀

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သောသုံးနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၃၁၇ ခု အကောင်အထည်ဖော်ဆောင်ခဲ့
စာမျက်နှာ » ၁၃

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ရိုးရာကောက်သစ်စားပွဲတော် (ကျေးဇူးတော်ချီးမွမ်းပွဲ) ကျင်းပ
စာမျက်နှာ » ၁၆

ကြေးမုံ

# စာဆိုတော်ကြီးများကိုဂုဏ်ပြု နိုင်ငံတော်နှင့် လူမျိုးအကျိုးမြှင့်တင်

ယနေ့သည် နတ်တော်လဆန်း ၁ ရက်နေ့ဖြစ်သည်။ နတ်တော်လတွင် ရှေးမြန်မာဘုရင်တို့သည် စစ်ဘက်၊ စာပေဘက်၊ အုပ်ချုပ်ရေးဘက်တို့၌ ထူးချွန်သော ပညာရှင်များ၊ မင်းညီမင်းသားများ၊ မှူးမတ်စသည်တို့ကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိသည်။ ထိုသို့ ဘွဲ့နှင်းသဘင်ပွဲ ဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း၊ အုပ်ချုပ်စီမံထူးချွန်သူများ ထွက်ပေါ်လာအောင် ဖန်တီးရာရောက်သဖြင့် တိုင်းပြည်အတွက် အကျိုးရှိသောအစဉ်အလာဖြစ်သည်။

အထူးသဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟူ၍ မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ခရစ်နှစ် ၁၉၄၄ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်ကြီးများ၊ စာပေသူရဲကောင်းများကို ဂုဏ်ပြုသောအားဖြင့် စာပေဆုနှင်းသဘင်ပွဲများ၊ စာဆိုတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲများ၊ စာပေဟောပြောပွဲများ ကျင်းပလေ့ရှိသည်။ ၁၉၄၀ ပြည့်နှစ်တွင် အမျိုးသားခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို့နှင့် ဂျာနယ်ကျော် ဦးချစ်မောင်တို့ ဦးဆောင်ဦးရွက်ကမကထပြုမှုဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းဖြစ်ပေါ်လာပြီးနောက် ၁၉၄၄ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟု စတင်သတ်မှတ်ခဲ့သည်။

စာဆိုတော်နေ့ကျင်းပခြင်းသည် ခေတ်အဆက်ဆက် သမိုင်းတစ်လျှောက်တွင် မြန်မာစာပေဖွံ့ဖြိုးလာစေရန်အတွက် နှလုံးရည်စွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုများ၏ကျေးဇူးကို အသိအမှတ်ပြုဂုဏ်ပြုခြင်းပင်ဖြစ်သည်။ အစဉ်အလာကြီးမားပြီး ဂုဏ်ရှိန်ထည်ဝါ မြင့်မားလာစေခဲ့သော မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများက မြန်မာစာပေကို အပတ်တကုတ်ပြုစုရေးသား စွမ်းဆောင်ကြသကဲ့သို့ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏ အားပေးချီးမြှောက်မှုကြောင့် မြန်မာစာပေလောက တိုးတက်ထွန်းကား စည်ပင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့၌ ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် စာပေဆုနှင်းသဘင်အခမ်းအနားတွင် “စာပေသည် လူမျိုး၏ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ ‘ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်’ ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ဒီယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို သတိပေးပြောကြားလိုပါကြောင်း” ပြောကြားခဲ့သည်။

စာပေသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသောမဏ္ဍိုင်ဖြစ်သည်။ စာပေဖြင့် နိုင်ငံနှင့်လူမျိုး၏ ထည်ဝါဝင့်ကြွား မြတ်နိုးဖွယ်ကောင်းသော ဂုဏ်ဒြပ်ကို ပေါ်လွင်ထင်ရှားစေသည်။ စာပေလက်နက်ဖြင့် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ နိုးကြားရှင်သန်ပြီး ခုခံကာကွယ်နိုင်သည်။ ထို့ကြောင့် စာပေယဉ်ကျေးမှုသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်ဖြစ်သည်။ စာပေဖြင့် လောကအမြတ်တရားသုံးပါးဖြစ်သည့် အကောင်းတရား၊ အမှန်တရား၊ အလှတရားတို့ကို ဖော်ဆောင်ပြီး လောကလူသားတို့ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ စိတ်နှလုံးဖြူစင် ဖြောင့်မတ်သိမ်မွေ့ရေး၊ အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားဝေဖန်သုံးသပ်ရေး၊ လောကလူသားတို့ ကြီးပွားတိုးတက်ရေး စသည့်ခွန်အားများ စွမ်းဆောင်ပေးသည်။ သို့ဖြစ်၍ သမိုင်းကြောင်းတစ်လျှောက်တွင် စာပေစွမ်းပကားဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး စွမ်းဆောင်ပေးခဲ့သည်များကို အသိအမှတ်ပြုသောအားဖြင့် ချီးကျူးဂုဏ်ပြု ပူဇော်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စာပေပညာရှင်ကြီးများ၏ စွမ်းဆောင်မှုများကို လေးစားဂုဏ်ပြုသောအားဖြင့် ၁၉၄၈ ခုနှစ်မှစတင်၍ စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု၊ စာပေဗိမာန်ဆု၊ အနုပညာစာပေဆိုင်ရာဆုများ ချီးမြှင့်ခဲ့ပြီး စာပေဆုများတွင် အမြင့်ဆုံးဖြစ်ပြီး နိုင်ငံတော်အဆင့်ချီးမြှင့်သည့် အမျိုးသားစာပေဆုတို့ကို နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့အပြင် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး သုတ၊ ရသစာပေများကို ဘဝတစ်လျှောက်လုံး တစိုက်မတ်မတ် ရေးသားပြုစုနေကြသည့် စာပေပညာရှင်ကြီးများအား အသိအမှတ်ပြု ချီးမြှောက်သည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်မှစတင်၍ ချီးမြှင့်ပေးအပ်လျက်ရှိသည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက် မြန်မာစာဆိုတော်ကြီးများ၊ မြန်မာစာပေပညာရှင်ကြီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် မြန်မာစာပေလောကသည် ယနေ့ထက်တိုင် ရှင်သန်ဖွံ့ဖြိုးလျက်ရှိရာ နိုင်ငံနှင့်လူမျိုးကို အကျိုးပြုလျက်ရှိသည့် စာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်သော ကောင်းမြတ်သည့်အစဉ်အလာကို စိန်ရတုစာပေဆုနှင်းသဘင်မှသည် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။




## ပြည်မြို့၌ စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ပြည် နိုဝင်ဘာ ၃၀

ပြည်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၈၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် အခမ်းအနားနှင့် စာပေဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမဆောင်၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးလွင်နှင့် ပြည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ စည်းရုံးရေးမှူး ဒေါ်ခင်နှင်းဆီရွှေတို့က အခမ်းအနားနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပေးပို့သော ၁၃၈၆ခုနှစ် စာဆိုတော်နေ့သဝဏ်လွှာကို ပြည်မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးဇော်လွင်ဦး (ရည်ဇော်မောင် - ပြည်)က ဖတ်ကြားခြင်း၊ ပြည်မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် စာရေးဆရာအောင် (ခတု)က တောင်ငူခေတ် ရတုစာဆိုရှင် ပြည်နဝဒေးကြီး၏ အတ္ထုပ္ပတ္တိအားဖတ်ကြားခြင်း၊ ပြည်မြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်လေးဦးအား ဂါရဝပြုကန်တော့ခြင်းနှင့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု၊ အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် သတ္တမအကြိမ် လှိုင်စာပေ အထူးဆုရရှိခဲ့သူ စာရေးဆရာများအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ ပြုလုပ်သည်။

ထို့နောက် ပြည်မြို့နယ်တွင် ၁၃၈၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်ကျင်းပခဲ့သော အခြေခံပညာအထက်တန်းအဆင့် “ပြည်နဝဒေးကြီး”ကဗျာပြိုင်ပွဲတွင် အထူးဆုရရှိသူ ၁၀ ဦးနှင့် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၌ ကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ မူကြိုကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဆရာမကြီး ဒေါ်နန်းပင်းတစ်ပ်က အဖွင့်အမှာစကားပြောကြားပြီး ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တာဝန်ခံဆရာမကြီး ဒေါ်လင်းလင်းအောင် က ကလေးများအား ဉာဏစွမ်းရည်ပြိုင်ပွဲ ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မူကြိုကလေးများက တစ်ဦးချင်း၊ အဖွဲ့လိုက် ကဗျာရွတ်ဆို၍ ယှဉ်ပြိုင်ကြရာ ဆုရရှိသည့် ကလေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာစိုက်ပျိုးပွဲ ကျင်းပ

**သာပေါင်း နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဆင်လမ်းကျေးရွာအုပ်စု၌ ဆီထွက်သီးနှံစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဆောင်းနေကြာ ၁ ဒသမ ၃၀ဧကတွင် ကျင်းပသည်။

ထိုသို့စိုက်ပျိုးရာတွင် ပုသိမ်ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီ အတွင်းရေးမှူး ဒေါ်အေးအေးမူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် တာဝန်ရှိသူများက ဆင်လမ်းကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ တောင်သူ ဒေါ်အေးသိန်း၏ လယ်မြေ ၁ ဒသမ ၃၀ ဧက၌ ဒုတိယသီးနှံအဖြစ် ဆီထွက်သီးနှံ Supersun(41) နေကြာမျိုးကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

★ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့ချိန်တွင်လည်း ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် အခြားသော မျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာတည်ရှိမှုကို သက်သေပြသနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ထားဝယ်လူမျိုးတို့၏ နိုင်ငံတော်လွတ်လပ်ရေးရရှိရန်အတွက် စွန့်လွှတ်အနစ်နာခံစိတ်များဖြင့် အခြားသော မျိုးချစ်တိုင်းရင်းသားများနှင့်အတူ အသက်ခန္ဓာကိုမငဲ့ကွက်ဘဲ ပါဝင်တိုက်ပွဲဝင်ခြင်းဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှုကို ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့် လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်ဖြစ်ပါသည်။

ထားဝယ်တိုင်းရင်းသားတို့ အနေဖြင့်လည်း အခြားသော မြန်မာတိုင်းရင်းသားတို့နည်းတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီမှုရှိပါသည်။ ထိုဗုဒ္ဓဘာသာကို အခြေခံသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း ထားဝယ်လူမျိုးတို့အနေဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။ ထိုကဲ့သို့ ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့ တည်ရှိနေအောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ကြရန် လိုပါသည်။

**❖ ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့်လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်**

ထားဝယ်ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်းတွင်တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများဖြင့် ပြည့်စုံသည့် ဒေသဖြစ်ပါသည်။ ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင် တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရ အချက်အချာကျသည့် နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ဒေသအဖြစ် တည်ရှိနေပါသည်။ ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ်လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုပါသည်။

ယနေ့အချိန်အခါတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ကောင်းမွန်လာစေရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာစေရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အားပေးထောက်ခံပြီး ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ ထားဝယ်လူမျိုးတို့အနေဖြင့် ထားဝယ်ဒေသရှိ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများကို အခြေပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားအကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက်ဂုဏ်ယူဖွယ်ရာ ကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ရင်း ထားဝယ်အမျိုးသားနေ့ကို ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**

## တောင်ပေါ်ဒေသများမှ ထွက်ရှိလာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်း

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ တောင်ပေါ်ဒေသမှ ထွက်ရှိဝင်ရောက်လာသည့် မုန်ညင်းဖြူများအရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ ပွဲရုံများထံမှ သိရသည်။



တောင်ပေါ်ဒေသတို့မှ ထွက်ရှိလာသည့် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား အစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် မုန်ညင်းဖြူဈေးနှုန်းများသည် အချိန် ၂၂ ပိဿာနှင့် ၂၇ ပိဿာကြားဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ အထိ ဈေးများရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

" လက်ရှိမှာတော့ မုန်ညင်းဖြူက တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ အရောင်းအဝယ်တွေကလည်း ကောင်းနေပါတယ်။ တောင်သူတွေက ရာသီဥတုပေါ်ကြည့်ပြီး စိုက်တဲ့သူနည်းပါးသွားပါတယ်။ ဈေးကိုတော့ ပုံမှန်တစ်ရက်ကို ကားငါးစီး ခြောက်စီးဝင်ပါတယ်။ ကျန်ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းပစ္စည်းတွေ အားလုံး အရောင်းအဝယ်တွေကောင်းနေပါတယ်။ ရောင်းသူနဲ့ ဝယ်သူတွေလည်း အဆင်ပြေလျက်ရှိပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့လည်း အဆင်ပြေနေကြပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် မုန်ညင်းဖြူများသည် လက်ရှိ အချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိနေပြီး ရောင်းဝယ်မှုကောင်းမွန်လျက်ရှိကြောင်း၊ ယင်းမုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများဖြစ်သည့် သခွားသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည်လည်း အရောင်းအဝယ်ကောင်းကာ ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း၊ လက်ရှိအချိန် ဈေးသို့ ကုန်မျိုးစုံဝင်ရောက်နေသည့်ကားအစီးရေမှာ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်" သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်နှင့် ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✪ နိုင်ငံတော်မှ

ဥစားကြက်၊ အသားစားကြက်၊ တိုင်းရင်းကြက်၊ ဘဲ၊ မန်ဒါလီ၊ ငုံးများ မွေးမြူထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများအလိုက် မျိုးခြံများဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ပစ္စည်း ထုတ်လုပ်နိုင်မှု၊ အစာစပ်စက်ရုံများမှ အစာများထုတ်လုပ်ပေးလျက်ရှိမှု၊ မွေးမြူရေးဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထားရှိမှု၊ ရွှေမုယင်းဒေသရှိ ငါးမွေးမြူရေးကန်များနှင့် ငါးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တွံတေးမွေးမြူရေးဇုန်အား အပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် တိရစ္ဆာန်အမျိုးအစားအလိုက်မွေးမြူထုတ်လုပ်လျက်ရှိမှု၊ ရေရရှိရေး ဆောင်ရွက်ပေးထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ရေရရှိရေးသည်အဓိကကျ**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရရှိရေးသည် အဓိကကျပြီး ဇုန်များအလိုက်ရှိ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့် ရေပမာဏပေးဝေနိုင်ရေးစနစ်တကျတွက်ချက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန် အစာနှင့်ပတ်သက်၍လည်း ဇုန်များအလိုက် ရပ်ဝေးမှ မှာယူမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုများပြားနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များနည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ဇုန်များအလိုက်ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Green zone Area များကိုလည်း ဖော်ဆောင်ပေးရန် လိုကြောင်း၊ လမ်းဘေးဝဲ/ယာ တစ်လျှောက် မြက်နှင့် အရိပ်ရလေကာပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေး လုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရ မွေးမြူခြင်းမဖြစ်စေလိုဘဲ စီးပွားဖြစ် စနစ်တကျမွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးသည့် စနစ်ဖြစ်သဖြင့် တိရစ္ဆာန်များအတွက်လိုအပ်သည့် ရေနှင့်အစာများကို အပြည့်အဝကျွေးမွေးနိုင်ရန်လိုကြောင်း၊ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်သွားရန်လိုပြီး မည်ကဲ့သို့ မွေးမြူမည်၊ ထုတ်ကုန်များအား ကုန်ချောအဆင့်သို့ မည်ကဲ့သို့ထုတ်လုပ်မည်၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက်မည်ကို စနစ်တကျဖြင့် တွက်ချက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကိုထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဘဲမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

**ကြိုတင်တွက်ချက်ပြင်ဆင်**

မွေးမြူရေး ဇုန်များအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကိုလည်း ကြိုတင်တွက်ချက်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ လက်ရှိ ဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသားဖူလုံမှုကို အတိုင်းအတာ တစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို တွေ့ရှိရပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက် အောင်မြင်စေရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေအရင်းအမြစ်များတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေဟူ၍ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေကိုမဖြစ်မနေရရှိအောင် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါကလည်း ရေသည်အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်း အချက်အလက်များအရ အောင်မြင်မှုရရှိနေသည်။ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ်အောင်မြင်မှု ရှိရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနအလိုက်မှ တာဝန်ရှိသူများအနေဖြင့် မြေပြင်အချက်အလက်များနှင့်ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေးဆောင်ရွက်ကြရန်လိုကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးဟူ၍ရှိပြီး စားရေးသည်အဓိက အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ အူမတောင့်မှသီလစောင့်မည်ဖြစ်သဖြင့် မိမိတို့ အုပ်ချုပ်သူ အစိုးရတာဝန်ရှိသူများ အနေဖြင့် ပြည်သူများ၏ စားရေးတွင်ဖူလုံမှုရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရေး၊ ပတ်ဝန်းကျင်ကောင်း ရရှိစေရေးဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၊ ဦးအောင်လင်းဦး၏ ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေးခြံ၊ ဦးဇာရား၏ ဥစားဘဲမွေးမြူရေးခြံ၊ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၊ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံနှင့် ဒေါ်လှဲ့ရည်ဝင်း၏ ဝက်မွေးမြူရေးခြံတို့အား လှည့်လည်ကြည့်ရှု၍ မွေးမြူရေးခြံအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးအကြံပြုပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ယခုအခါ မွေးမြူရေးဇုန်အတွင်း လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူခြင်းဖြစ်ကြောင်း၊ ခေတ်မီမွေးမြူရေးစနစ်သို့ ရောက်ရှိရဦးမည်ဖြစ်သော်လည်း စနစ်တကျမွေးမြူနိုင်သည့် စနစ်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ မွေးမြူရေးဇုန်စတင် အကောင်အထည်ဖော် ဆောင်ရွက်သည်မှာ တစ်နှစ်ကျော်ကာလခန့်မျှသာ ရှိသည်ဖြစ်သော်လည်း "အစကောင်းမှ အနှောင်းသေချာ"ဆိုသည့်အတိုင်း လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးစနစ်ဖြင့် မွေးမြူခြင်းဖြစ်သဖြင့် အစာ၊ ရေနှင့်အခြား လိုအပ်ချက်များ ပြည့်ဝစွာရရှိစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

စာမျက်နှာ ၅ သို့ ✪

☆ **ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်သကဲ့သို့ Green zone Area များကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲ/ယာတစ်လျှောက် မြက်နှင့် အရိပ်ရလေကာပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေနိုင်မည်**

✪ စာမျက်နှာ ၄ မှ

အဆိုပါ တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန်အားရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်ကြသော ပြည်သူလူထုသက်သာချောင်ချိရေးနှင့် အာဟာရပြည့်ဝသည့် စားသောက်ကုန်များ စားသုံးနိုင်ရေးသားငါးထုတ်လုပ်မှု လုံလောက်မှုရှိစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မြေဧရိယာ ၅၈၁ ဒသမ ၅၄ ဧကပေါ်တွင် စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးဇုန်အားအပိုင်း သုံးပိုင်းခွဲခြား၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဇုန်များအလိုက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ငုံး၊ ဘဲများကို မွေးမြူထားရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရရှိစေရေး တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရကလည်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်ရှိ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအားကစားအသင်းများ ဇေယျာသီရိအားကစားကွင်းအတွင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် ဇေယျာသီရိ အားကစားကွင်း(B)ရုံ၌ အမျိုးသား/အမျိုးသမီး ဘော်လီဘော အသင်းနှင့် ပိုက်ကျော်ခြင်း အသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးရာ အသင်းအုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲဝင်အားကစားသမားများ စုဖွဲ့လေ့ကျင့်မှုအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့ ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် ပြိုင်ပွဲယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဇေယျာသီရိ ဘောလုံးအားကစားကွင်းအတွင်း အမျိုးသား ဘောလုံးအသင်းနှင့် ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှု အားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်မည့် ဌာနဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အလေးထားကြိုးစားကြရန်၊ တရားသောယှဉ်ပြိုင်နည်းဖြင့် ယှဉ်ပြိုင်ကြရန်၊ လေ့ကျင့်မှုများကို ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် လေ့ကျင့်ကြရန်၊ ပြိုင်ပွဲကာလ နီးကပ်လာ၍ ကျန်းမာကြံ့ခိုင်မှုပြည့်ဝနေစေရေး ဂရုစိုက်နေထိုင်ကြရန်၊ အားကစားဖြင့် နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားကြရန် မှာကြားပြီး အားကစားသမားများကို အင်အားဖြည့် အစားအစာများနှင့် ချီးမြှင့်ငွေပေးအပ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး(အမျိုးသား)၊ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) နှင့် ဂေါက်သီးရိုက်(အမျိုးသား) အားကစားနည်း ခြောက်မျိုးကို အားကစားသမား ၁၃၃ ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေး(၄/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များတက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။





**မှတ်ပုံတင်လက်မှတ်များထုတ်ပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ကောင်စီဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ A Tech ၄၈၁ ဦး၊ AG Tech ၁၄၅ ဦး၊ AE ၁၃၀၄၀၊ RE ၁၄၄၇၂ ဦး၊ RSE ၄၀၉၂ ဦး၊ PE ၁၂၉၄ ဦး၊ ACPE ၆၂၈ ဦး၊ RLE ၁၂ ဦး၊ RFPE ၁၀ ဦးတို့ကို မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ AE ငါးဦး၊ RE ၁၃ ဦး၊ RSE ၂၂ ဦး၊ PE ၁၆ ဦး၊ A Tech ငါးဦးတို့သည် မှတ်ပုံတင်လက်မှတ်များရရှိရေးအတွက် လျှောက်ထားလာသည်ကို တွေ့ရှိရကြောင်း၊ အင်ဂျင်နီယာအထူးပြုဘာသာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ နည်းပညာတက္ကသိုလ်လေးခုမှ အင်ဂျင်နီယာဘွဲ့သင်တန်း ၂၅ ခုကို အရည်အသွေးစိစစ်အသိအမှတ်ပြုသင်တန်း(Full Accredited Programme) များအဖြစ် စိစစ်ပေးအပ်ခဲ့ခြင်း၊ နည်းပညာတက္ကသိုလ်ကိုးခုတို့မှ သင်တန်းပေါင်း ၅၃ ခုတို့ကို ပဏာမအရည်အသွေးစိစစ်အသိအမှတ်ပြုခြင်း၊ နည်းပညာတက္ကသိုလ် နှစ်ခုမှ သင်တန်းပေါင်း သုံးခုတို့ကို ကြားကာလသင်တန်းများ(Interim Programmes) ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာဘာသာရပ်နှင့် သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်များအပြင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူများ၊ နည်းပညာကျွမ်းကျင်သူများကိုလည်း မွေးမြူပေးနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တို့၌ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးခဲ့သဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကောင်စီအတွင်းရေးမှူးက ကောင်စီအဋ္ဌမပုံမှန်အစည်းအဝေး(၄/၂၀၂၄)မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေ၊ လုပ်ငန်းကော်မတီများက ၂၀၂၄ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအကျဉ်းချုပ်အခြေအနေတို့ကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအသင်း ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းတွင် စခန်းဝင်လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စက်မှုဝန်ကြီးဌာနမှ ဂေါက်သီးရိုက်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားတို့၌ အားကစားသမား ၂၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိန်ရတုအကြိမ်မြောက်သို့ ရောက်ရှိလာခဲ့သော အမျိုးသားစာပေဆု

**နေသူရိန်**

စာပေဗိမာန် (မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း) က တာဝန်ယူပြီး စာပေဆု ရွေးချယ်ချီးမြှင့်ပေးခဲ့သော အမျိုးသားစာပေဆုသည် ယခု ၂၀၂၄ ခုနှစ်တွင် စိန်ရတုအထိမ်းအမှတ် (၇၅)ကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဦးဆောင်ပြီး တည်ထောင်ခဲ့သော မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် နောင်အခါတွင် စာပေဗိမာန်ဖြစ်လာခဲ့သည်။ စာပေဗိမာန်ဖြစ်လာခဲ့ပြီးနောက် တိုင်းသူပြည်သားများ မြန်မာ့စာပေအမြင်၊ မြန်မာ့စာပေအတွေး၊ မြန်မာ့စာပေအရေးများပိုမိုတိုးတက်လာအောင်လုပ်ဆောင်ပေးရမည့် စာပေတာဝန်သည် စာပေဗိမာန်ပေါ်တွင် ရှိလာသည်။

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (ယခုစာပေဗိမာန်) ကို စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှစ၍ မြန်မာစာပေ တိုးတက်စေရန်နှင့် ပညာရပ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်စေရန် "စာပေဗိမာန်" ဟူသောအမည်ဖြင့် နှစ်စဉ်စာပေဆုများ ချီးမြှင့်ခဲ့ရာ ပထမတွင် "စာပေဗိမာန်ဆု"ဟူ၍ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် "အနုပညာစာပေဆိုင်ရာဆု" ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ပြီးနောက် ယင်းအခေါ်အဝေါ်မှာ မပြည့်စုံသေးဟု ယူဆကာ ၁၉၆၅ ခုနှစ်မှစ၍ ယခုအချိန်အထိ ချီးမြှင့်လျက်ရှိသော စာပေဆုကို မြန်မာနိုင်ငံရှိ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သောစာပေဆုသဘောသက်ရောက်စေရန် "အမျိုးသားစာပေဆု"ဟူ၍ နောက်ဆုံးခေါ်တွင်ခဲ့လေသည်။ ၁၉၄၈ ခုနှစ်တွင် ချီးမြှင့်သည့် စာပေဗိမာန်ဆုမှာ နိုင်ငံတော်၏ ပထမဆုံးအကြိမ် ချီးမြှင့်သော စာပေဆုဖြစ်၏။ ၁၉၄၉ ခုနှစ်တွင် ဆုအဖြစ်ထိုက်တန်သည့် ကာလပေါ် လုံးချင်းဝတ္ထု မရှိသဖြင့် ထိုနှစ်အတွက် ဆုချီးမြှင့်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် "စာပေဗိမာန်ဆု ရွေးချယ်ရေးအဖွဲ့" ဟူသော အဖွဲ့အမည်ဖြင့် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှစ်မျိုးလုံးကို နားလည်တတ်ကျွမ်းသည့် စာပေပညာရှင် ၁၂ ဦးပါဝင်သော စာပေဗိမာန်ဆု ရွေးချယ်ရေးအဖွဲ့ကို စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က ဖွဲ့စည်းပေးခဲ့သည်။ တစ်နှစ်အတွင်း ထွက်ရှိခဲ့သည့် စာအုပ်များကို ဘာသာရပ်များအလိုက်ခွဲခြားသတ်မှတ်ပြီး ရွေးချယ်ဆုပေးခြင်းဖြစ်သည်။ ၁၉၄၈ ခုနှစ်အတွက် ကာလပေါ် ဝတ္ထုရှည်ဘာသာရပ်အတွက် ဆုတစ်ဆုသာ ချီးမြှင့်နိုင်ခဲ့သည်။ ထိုစဉ်အချိန်က ဝတ္ထုရှည်ဆုကို ငွေကျပ်တစ်ထောင် ဆုချီးမြှင့်ခဲ့သည်။ နောက်ပိုင်းတွင် ဘာသာပြန်ဆု၊ စာပဒေသာဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ပြဇာတ်ဆု၊ သုတပဒေသာဆု စသည်ဖြင့် ဆုများကို တိုးမြှင့်၍ ချီးမြှင့်လာခဲ့ကြသည်။ ဘာသာပြန်ဆုအတွက်ကို ငွေကျပ် ၇၅၀ ချီးမြှင့်ခဲ့သည်။

စာပေဆုများ ချီးမြှင့်ခဲ့ရာတွင် ပုံမှန်အားဖြင့် ဆုတစ်ဆုကို စာရေးဆရာတစ်ဦးတည်းအတွက်ကိုသာ ချီးမြှင့်ခဲ့သည်။ သို့သော်လည်း ၁၉၅၈ ခုနှစ်က ချီးမြှင့်ခဲ့သော ကဗျာဆုအတွက် ဆရာမကြီးနုယဉ်နှင့် ဆရာ လက်ဝဲမင်းညို (ဦးချမ်းသာ) တို့ကို ပူးတွဲ၍ ဆုပေးခဲ့ရာ ထိုပုဂ္ဂိုလ်နှစ်ဦးလုံးက လက်မခံခဲ့ကြသဖြင့် အဆိုပါဆုကို ပယ်ဖျက်ခဲ့ရသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်မှ တာဝန်ယူချီးမြှင့်ခဲ့သော စာပေဗိမာန်၏ ဆုများသည် စာပေဗိမာန်ကို "စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့" ဟူ၍ လွှဲပြောင်းတာဝန်ယူသည့်အချိန်မှစ၍ အသွင်တစ်မျိုး ပြောင်းလဲခဲ့လေသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာသောအခါ ၁၉၆၂ ခုနှစ်အတွက် စာပေဗိမာန်ဆုကို စိစစ်ရွေးချယ်ဆဲဖြစ်၏။ ယင်းဆုကို စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က စာပေဗိမာန်ဆု ဟူသောအမည်မှ "အနုပညာစာပေဆိုင်ရာဆု" အမည်သို့ ပြောင်းပြီးလျှင် ၁၉၆၂ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် အောက်ပါအခြေခံ ငါးချက်နှင့်ကိုက်ညီသော စာအုပ်များကို ပြိုင်ပွဲကျင်းပ၍ ဆုချီးမြှင့်ရန် ၁၉၆၄ ခုနှစ် ဇန်နဝါရီလတွင် ကြေညာချက်ထုတ်ပြန်လေသည် -

(၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အထောက်အကူပြုရမည်။
(၂) မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အစစ်အမှန် ထွန်းကားရေးကို ရှေးရှုရမည်။
(၃) မျိုးချစ်စိတ်ဓာတ် ထက်သန်စေသော စာပေဖြစ်ရမည်။
(၄) အကျင့်စာရိတ္တပြုပြင်ရေးနှင့် အတွေးအခေါ် တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရမည်။
(၅) နည်းလမ်းမှန်ကန်သော ဗဟုသုတ တိုးပွားများပြားစေရမည်ဟူ၍ ဖြစ်သည်။

ချီးမြှင့်သည့်ဆုများမှာ (၁)ဝတ္ထုရှည်၊ (၂) စာပဒေသာ၊ (၃)ဘာသာပြန်၊ (၄)ဝတ္ထုတိုပေါင်းချုပ်၊ (၅)ပြဇာတ်၊ (၆)ကဗျာပေါင်းချုပ်၊ (၇)ကလေးသူငယ်များဆိုင်ရာစာပေ၊ (၈)မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ (၉) နိုင်ငံရေးဆိုင်ရာ စာပေဟူ၍ ဆု ကိုးဆုသတ်မှတ်သည်။ စာပေတိုးတက်မှု ပိုမိုကျယ်ပြန့်စေရန်အတွက် စာပေပညာရှင် ပိုမိုများပြားတိုးတက်အောင် အားပေးသည့်သဘောဖြင့် ၁၉၆၃ ခုနှစ်မှစတင်၍ ပညာရပ်ကိုးမျိုးအတွက် တစ်မျိုးလျှင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဟူ၍ လေးဆုစီပေးရန်နှင့် ဆုကိုးဆုအနက် ရှစ်ဆုကို ပထမဆုငွေကျပ် ၁၅၀၀၊ ဒုတိယဆုငွေကျပ် ၁၀၀၀၊ တတိယဆုငွေကျပ် ၇၅၀၊ စတုတ္ထဆုငွေကျပ် ၅၀၀ သတ်မှတ်ကာ ဝတ္ထုရှည် ပထမဆုအတွက် ဆုငွေကျပ် ၂၀၀၀၊ ဒုတိယဆုအတွက် ဆုငွေကျပ် ၁၅၀၀၊ တတိယဆုငွေကျပ် ၁၀၀၀၊ စတုတ္ထဆုငွေကျပ် ၅၀၀ ချီးမြှင့်ခဲ့သည်။

ယင်းကဲ့သို့ ဆုပေးသည့်မူအတိုင်း ၁၉၆၄ ခုနှစ်အထိ ဆက်လက်ချီးမြှင့်ခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်တွင် "အမျိုးသားစာပေဆု" ဟူသောအမည်ဖြင့် အသွင်တစ်မျိုးပြောင်းခဲ့လေသည်။

တော်လှန်ရေးကောင်စီအစိုးရသည် အနုပညာစာပေဆိုင်ရာဆုများကို ချီးမြှင့်ခဲ့ရာမှ အနုပညာစာပေဆိုင်ရာဆုများသည် နိုင်ငံတော်အစိုးရကိုယ်တိုင်က တစ်မျိုးသားလုံးအတွက် ချီးမြှင့်သောဆုများဖြစ်သည့်အလျောက် ယင်းသဘောကို သက်ဝင်ငုံမိစေရန် ၁၉၆၅ ခုနှစ်မှအစပြု၍ "အမျိုးသားစာပေဆု" ဟူသောအမည်ဖြင့် ပြောင်းလဲချီးမြှင့်သည်။ ထို့ပြင် အနုပညာစာပေဆိုင်ရာ ဆုချီးမြှင့်စဉ်က ဘာသာရပ်ကို ကိုးမျိုးသာ ချီးမြှင့်ခဲ့သော်လည်း အမျိုးသားစာပေဆုအဖြစ် ချီးမြှင့်သည့်အခါ သုတပဒေသာဆုတစ်ဆုကို ထည့်သွင်းလိုက်ရာ စုစုပေါင်းဆု ၁၀ မျိုး ဖြစ်လာသည်။

ဘာသာရပ် ၁၀ မျိုးအတွက် တစ်မျိုးလျှင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဟူ၍ လေးဆုစီပေးရန်နှင့် ဝတ္ထုရှည်ဆုအတွက် ပထမငွေကျပ် ၂၀၀၀၊ ဒုတိယငွေကျပ် ၁၅၀၀၊ တတိယငွေကျပ် ၁၀၀၀၊ စတုတ္ထငွေကျပ် ၅၀၀ ချီးမြှင့်ပြီး ကျန်ဘာသာရပ်ကိုးမျိုးအတွက် ပထမငွေကျပ် ၁၅၀၀၊ ဒုတိယငွေကျပ် ၁၀၀၀၊ တတိယငွေကျပ် ၇၅၀၊ စတုတ္ထငွေကျပ် ၅၀၀ ချီးမြှင့်ခဲ့သည်။

ဤသို့ဖြင့် ၁၉၆၅ ခုနှစ်မှစတင်ကာ အမျိုးသားစာပေဆုကို ပထမဆုံးအကြိမ် ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၁၉၆၈ ခုနှစ်အထိ ထိုစနစ်အတိုင်း ရွေးချယ်ချီးမြှင့်ခဲ့သည်။ ဆုချီးမြှင့်သည့် ဘာသာရပ်တစ်မျိုးတိုးသဖြင့် ဆုအရေအတွက်တိုး၍ သတ်မှတ်သည်မှအပ ကျန်ဆုစည်းမျဉ်းများမှာ အနုပညာစာပေဆိုင်ရာဆု ချီးမြှင့်ခဲ့စဉ်က စည်းမျဉ်းအတိုင်းပင်ဖြစ်သည်။

၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူနှင့် စာအုပ်စုစုပေါင်း ၂၆၇ ခု ရရှိခဲ့သည်။ အမျိုးအမည်အားဖြင့် ၁၀ မျိုး၊ ဆုအရေအတွက်အားဖြင့် ၄၀ ချီးမြှင့်ရန် ကြေညာခဲ့သော်လည်း ထိုနှစ်တွင် ဆုပေါင်း ၂၆ ဆုသာ ချီးမြှင့်နိုင်ခဲ့သည်။ ဘာသာပြန်ဆုနှင့်ပြဇာတ်ဆုကို အဆင့်အတန်းမီစာအုပ်၊ စာမူများ မရရှိသဖြင့် ချီးမြှင့်ခြင်းမပြုနိုင်ခဲ့ပါ။

ဝတ္ထုရှည်ဆု၊ သုတပဒေသာဆု၊ ကဗျာဆု၊ ကလေးစာပေဆုနှင့်ဝတ္ထုတိုပေါင်းချုပ်ဆုတို့အတွက် ဒုတိယဆု တစ်ဆု၊ နိုင်ငံရေးဆိုင်ရာ စာပေဆုအတွက် ဒုတိယဆုနှစ်ဆု ချီးမြှင့်ခဲ့သည်။

၁၉၆၉ ခုနှစ်မှစ၍ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဟူ၍ ဆုနှစ်မျိုးခွဲခြား၍ စတင်ချီးမြှင့်ခဲ့သည်။ အမျိုးသားစာပေဆုအတွက် မူအသစ်အရ ပြက္ခဒိန်တစ်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေသမျှ စာအုပ်များအနက်မှ ယခင်ကြေညာထားသော မူငါးချက်နှင့် ကိုက်ညီသည့် စာအုပ်များကို ဖတ်ရှုရွေးချယ်၍ ဆုများချီးမြှင့်ပေးသည်။ ယခင်ပြိုင်ပွဲပုံစံကဲ့သို့ ဘာသာရပ်တစ်မျိုးလျှင် ဆုလေးဆုမပေးတော့ဘဲ အကောင်းဆုံးစာအုပ်တစ်အုပ်စီသာ ရွေးချယ်၍ ဆုတစ်ဆုစီသာ ချီးမြှင့်လေသည်။ ထို့ပြင် ချီးမြှင့်သည့်ဆုငွေကိုလည်း ငွေကျပ် ၃၀၀၀ အထိ တိုးမြှင့်လိုက်လေသည်။

ဆုရွေးချယ်ရန်အတွက် ယခင်က ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ပြဇာတ်၊ ကဗျာ၊ စာပဒေသာ၊ ဘာသာပြန်၊ နိုင်ငံရေး၊ သုတပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေနှင့် ကလေးစာပေဟူ၍ ဘာသာရပ် ၁၀ မျိုး သတ်မှတ်ခဲ့သော်လည်း ပုံစံသစ်အရ သုတပဒေသာဆုတွင် ဝိဇ္ဇာပညာရပ်အတွက် တစ်ဆု၊ သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်အတွက် တစ်ဆုဟူ၍ ခွဲခြားကာ ဘာသာရပ် ၁၁ မျိုးအတွက် ဆု ၁၁ ဆု ရွေးချယ်ချီးမြှင့်ရန် သတ်မှတ်ထားသည်။

နှစ်စဉ် စာပေဗိမာန်စာမူဆုပြိုင်ပွဲလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်းမပြုသော စာပေလုပ်သားတို့၏ ကောင်းမွန်ပြောင်မြောက်သည့် စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ယင်းသို့ထွက်ပေါ်လာသော စာအုပ်တို့ကို အမျိုးသားစာပေဆုအတွက် စဉ်းစားနိုင်ရန် ရည်သန်၍ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်အဖွဲ့သည် အခြေခံငါးချက်နှင့် ကိုက်ညီသည့်စာမူများကို ပြိုင်ပွဲကျင်းပကာ ဆုချီးမြှင့်၍ ပုံနှိပ်ထုတ်ဝေမည့် ရည်ရွယ်ချက်ဖြစ်သည်။

အမျိုးသားစာပေဆုတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အခြေခံ ငါးချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ အခြေခံငါးချက်နှင့် စစ်ဆေးရွေးချယ်ကာ ဆုချီးမြှင့်မည့်စာမူများမှာ (၁) ဝတ္ထုရှည်ဆု၊ (၂) ဝတ္ထုတိုပေါင်းချုပ်ဆု၊ (၃) ပြဇာတ်ဆု၊ (၄) စာပဒေသာဆု၊ (၅) ဘာသာပြန်ဆု၊ (၆) ကလေးစာပေဆု၊ (၇) လူငယ်စာပေဆု၊ (၈) မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု၊ (၉) နိုင်ငံရေးဆိုင်ရာစာပေဆု၊ (၁၀) သုတပဒေသာဆု (ဝိဇ္ဇာပညာရပ်) နှင့် (၁၁) သုတပဒေသာဆု (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) တို့ဖြစ်သည်။

ဘာသာရပ်တစ်ခုအတွက် ချီးမြှင့်သည့် ဆုငွေမှာ ပထမဆုအတွက် ငွေကျပ် ၅၀၀၊ ဒုတိယဆုအတွက် ငွေကျပ် ၃၀၀၊ တတိယဆုအတွက် ငွေကျပ် ၂၀၀ ဖြစ်သည်။

ဘာသာပြန်စာပေဆုတွင် အင်္ဂလိပ်ဘာသာမှ တိုက်ရိုက်မြန်မာပြန်ဆိုရန်ဖြစ်၍ စာမူ၏အမည်ကို သတင်းစာမှ ကြေညာပေးသည်။ (ကော်မစ်ကာတွန်းစာမူများ ပြိုင်ပွဲဝင်ခွင့်မရှိချေ။)

လူငယ်စာပေဆုတွင် အသက် ၁၃ နှစ်မှ ၁၈ နှစ်အထိ လူငယ်များအတွက် ဗဟုသုတဖြစ်စေရန်နှင့် အကျင့်စာရိတ္တပြုပြင်စေရန် ရည်ရွယ်၍ တစ်ဦးတည်းက ရေးသားသော စကားပြေစာမူဖြစ်ရမည်။ (ကော်မစ်ကာတွန်းစာမူများ ပြိုင်ပွဲဝင်ခွင့်မရှိချေ။)

ထိုဆုတွင် ယဉ်ကျေးမှုအကြောင်းနှင့် အနုပညာအကြောင်း ရေးသားခြင်း (ပုံစံ။ ဆေးရေးပန်းချီ၊ ကောက်ကြောင်းပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ဗိသုကာ၊ ဝါဂီနစ်၊ မြန်မာ့ထုံးတမ်းဓလေ့များစသည်။) ဖြစ်ရမည်။ အထောက်အထားပါထိုက်သော စာအတွက် အထောက်အထားများနှင့် သက်ဆိုင်ရာအကိုးအကားစာအုပ်များ စာရင်းထည့်သွင်းဖော်ပြ၍ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်သည်။

နိုင်ငံရေးဆိုင်ရာစာပေဆုတွင် မြန်မာနိုင်ငံရေးဆိုင်ရာစာပေဖြစ်ရမည်။ အထောက်အထားပါထိုက်သော စာအတွက် အထောက်အထားများနှင့် သက်ဆိုင်ရာ အကိုးအကား စာအုပ်များစာရင်း ထည့်သွင်းဖော်ပြ၍ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်ရမည်ဖြစ်သည်။

သုတပဒေသာဆု(ဝိဇ္ဇာပညာရပ်)တွင် ဝိဇ္ဇာပညာဆိုင်ရာအကြောင်းကို ဖော်ပြသည့် စာမျိုး (ပုံစံ။ နိုင်ငံသမိုင်း၊ ပထဝီ၊ စိတ်ပညာ၊ အတ္ထုပ္ပတ္တိ၊ ဘောဂဗေဒ)စသည်တို့ဖြစ်ရမည် ဖြစ်သည်။

သုတပဒေသာဆု (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) တွင် သိပ္ပံနှင့် အသုံးချသိပ္ပံပညာဆိုင်ရာ အကြောင်းအရာကို **စာမျက်နှာ ၇ သို့**

> **"၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (ယခုစာပေဗိမာန်) ကို စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှစ၍ မြန်မာစာပေတိုးတက်စေရန်နှင့် ပညာရပ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်စေရန် "စာပေဗိမာန်" ဟူသောအမည်ဖြင့် နှစ်စဉ်စာပေဆုများ ချီးမြှင့်ခဲ့ရာ ပထမတွင် "စာပေဗိမာန်ဆု"ဟူ၍ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် "အနုပညာစာပေဆိုင်ရာဆု" ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ပြီးနောက် ယင်းအခေါ်အဝေါ်မှာ မပြည့်စုံသေးဟုယူဆကာ ၁၉၆၅ ခုနှစ်မှစ၍ ယခုအချိန်အထိ ချီးမြှင့်လျက်ရှိသော စာပေဆုကို မြန်မာနိုင်ငံရှိ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော စာပေဆုသဘော သက်ရောက်စေရန် "အမျိုးသားစာပေဆု" ဟူ၍ နောက်ဆုံးခေါ်တွင်ခဲ့လေသည်။ ၁၉၄၈ ခုနှစ်တွင် ချီးမြှင့်သည့် စာပေဗိမာန်ဆုမှာ နိုင်ငံတော်၏ ပထမဆုံးအကြိမ်ချီးမြှင့်သော စာပေဆုဖြစ်"**

☆ စာမျက်နှာ ၆ မှ

ဖော်ပြသည့်စာမျိုး (ဥပမာ။ အာကာသသိပ္ပံ၊ လျှပ်စစ်ခေတ်၊ ဆေးဝါးကုသမှု၊ စက်မှုလုပ်ငန်း) စသည်တို့ ဖြစ်ရမည်ဖြစ်သည်။

စာပေဗိမာန်စာမူပြိုင်ပွဲတွင် စာပေဗိမာန်အဖွဲ့ စာတည်းဌာန ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်မရှိစေရ။ ယခင်နှစ်စာပေဗိမာန်စာမူဆုအတွက် ပြိုင်ပွဲဝင်ဖူးသည့် စာမူများ ထပ်မံတင်သွင်းခွင့်မရှိစေရ။ ပြိုင်ပွဲဝင်စာမူသည် ပါဝင်ယှဉ်ပြိုင်သူတစ်ဦးတည်း ပြုစုရေးသားပြန်ဆိုသည့် စာမူဖြစ်ရမည်။ စာရေးသူက ထိုသို့ မိမိကိုယ်တိုင် ပြုစုရေးသားပြန်ဆိုကြောင်း ဝန်ခံချက်ပေးရမည်။ ရှေးက ပုံနှိပ်ထုတ်ဝေဖူးသည့် စာမူမဖြစ်စေရဘဲ အကိုးအကားများနှင့် စပ်လျဉ်း၍ မူပိုင်ကိစ္စ ရှင်းလင်းစေရမည်ဖြစ်သည်။

စာမူများကို စာတိုက်မှသော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တင်သွင်းနိုင်သည်။ သို့ရာတွင် နောက်ဆုံးလက်ခံရန် သတ်မှတ်ထားသည့် နေ့ရက်အချိန်ထက် နောက်ကျရရှိသည့် စာမူများကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ ယင်းစာမူများကို တင်သွင်းသူထံ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း၊ ပြိုင်ပွဲဝင်စာမူကို မည်သည့်အတွက်ရွေးချယ်သည်၊ မရွေးချယ်သည်ကို ဤအဖွဲ့မှ ပြန်ကြားပေးမည် မဟုတ်ကြောင်းနှင့် စာမူများကို ပြိုင်ပွဲသို့ တင်သွင်းပြီးနောက် သတ်ပုံ၊ သတ်ညွှန်းပြင်ဆင်ရန် (သို့မဟုတ်) အခြားပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန် ပြန်၍ယူခြင်းကို ခွင့်ပြုမည်မဟုတ်ဘဲ စာမူများကို ပြိုင်ပွဲသို့ တင်သွင်းထားစဉ် ပြင်ပ၌ ပုံနှိပ်ထုတ်ဝေခွင့်ပြုမည် မဟုတ်ချေ။

ဆုရစာမူများအားလုံးကို စာပေဗိမာန်အဖွဲ့က သတ်မှတ်ထားသော ခိုင်နှုန်း (ရွှင်ယယ်တီ)ဖြင့်ဝယ်ယူပြီးလျှင် လိုအပ်သလို တည်းဖြတ်သုတ်သင်၍ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခွင့်ရှိကြောင်း။ (ခြွင်းချက်။ ။ ဘာသာပြန်စာပေဆုတွင်မူ ပထမဆုရရှိသော စာမူကိုသာလျှင် ဤအဖွဲ့မှ သတ်မှတ်သည့်ခိုင်နှုန်းဖြင့် ဝယ်ယူပုံနှိပ်ထုတ်ဝေမည်ဖြစ်သည်။)

ဤသည်မှာ တစ်ချိန်က ချမှတ်ထားသော စာပေဗိမာန်စာမူဆု၏ စည်းကမ်းချက်များဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ပုဂ္ဂလိက စာပေဆုအနေဖြင့် ရှုမဝမဂ္ဂဇင်းတိုက်ပိုင်ရှင် ဦးကျော်က

**❛နိုင်ငံတော်သည် ခေတ်အဆက်ဆက်အနေဖြင့် စာပေနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ စာပေဆုငွေများကိုလည်း အဆင့်ဆင့်တိုးမြှင့်ပြီး ချီးမြှင့်ပေးခဲ့သည်။ ယခုဆိုလျှင် အမျိုးသားစာပေတစ်သက်တာဆုအတွက် ငွေကျပ် သိန်း ၁၀၀၊ အမျိုးသားစာပေဆုအတွက် ငွေကျပ် သိန်း ၃၀၊ စာပေဗိမာန်စာမူ ပထမဆုအတွက် ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၁၀ သိန်းနှင့် တတိယဆုအတွက် ငွေကျပ် ခုနစ်သိန်းစသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိ❜**

“ရှုမဝ ၁၀၀၀” ဆုဟူသော စာပေဆုအမည်ဖြင့် ကာလပေါ်ဝတ္ထုစာမူဆုကို စတင်ချီးမြှင့်ခဲ့သည်။ အဆိုပါဆုအတွက် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော စာအုပ်တစ်အုပ်စာရှိသော စာမူများကို အချိန်သတ်မှတ်၍ တင်သွင်းယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ဆုရသောစာမူကို ရှုမဝစာပေတိုက်က ပုံနှိပ်ထုတ်ဝေဖြန့်ချိရသည်။ ၁၉၇၄ ခုနှစ်တွင် ရှုမဝ ဦးကျော် ကွယ်လွန်သွားသဖြင့် “ရှုမဝ ၁၀၀၀” စာပေဆုလည်း ရပ်နားသွားတော့သည်။ ထိုအချိန်က စာရေးဆရာအသင်း၊ ချိုတေးသံ၊ Burma Star၊ YMBA၊ တိုင်းရင်းသားစာပေအဖွဲ့ အစည်းအစရှိသော စာပေအဖွဲ့အစည်းများကလည်း စာပေဆုများကို စိစစ်ရွေးချယ် ချီးမြှင့်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင်လည်း စာပေဆုများ ချီးမြှင့်ခဲ့သည့် မှတ်တမ်းများရှိခဲ့သည်။ “ဂျာဒင်းဆု”သည် အောက်မြန်မာပြည်ဗြိတိသျှအစိုးရ၏ တရားရေးဌာန မင်းကြီးဆာဂျွန်ဂျာဒင်း (Sir John Jardine) ၏ အမည်ကိုအစွဲပြု၍ ဆုငွေ ၁၀၀၀ ချီးမြှင့်သောဆုဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ဝေလမင်းသားမြန်မာနိုင်ငံသို့ရောက်ရှိပြီး ရန်ကုန်တက္ကသိုလ်ကို လာရောက်သော အထိမ်းအမှတ်အနေဖြင့် စကားပြေ၊ ကဗျာ၊ ဘာသာပြန်၊ မှီငြမ်း စာပေအတွက် ဆုငွေ ၁၀၀၀ ချီးမြှင့်သော “ဝေလဆု” ဟူ၍ဖြစ်ပြီး ၁၉၂၁ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ ချီးမြှင့်ခဲ့ဖူးသည်။

ထို့အပြင် ၁၉၅၈ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများအဖွဲ့ချုပ်က မြန်မာ့စာပေတိုးတက်ပြန့်ပွားရေးနှင့် ဘာသာရပ်အသီးသီးတွင် ဗဟုသုတ ပိုမိုကြွယ်ဝလာစေရန် ရည်ရွယ်ချက်ဖြင့် “ယူနက်စကို” စာပေဆုကို ချီးမြှင့်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်အထိ ရစ်ဆုချီးမြှင့်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက “အမျိုးသားစာပေတစ်သက်တာဆု” ကို အမြင့်ဆုံးစာပေဆုအဖြစ် သတ်မှတ်ပြီး စတင်ချီးမြှင့်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် စာပေပညာရှင်နှင့် စာရေးဆရာ ၄၂ ဦး အထိ ချီးမြှင့်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ဆုငွေမှာလည်း ကျပ်သိန်း ၁၀၀ ဖြစ်သည်။ ယခုအခါတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော စာပေဆုများအတွက် တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်သည် ခေတ်အဆက်ဆက်အနေဖြင့် စာပေနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ စာပေဆုငွေများကိုလည်း အဆင့်ဆင့်တိုးမြှင့်ပြီး ချီးမြှင့်ပေးခဲ့သည်။ ယခုဆိုလျှင် အမျိုးသားစာပေတစ်သက်တာဆုအတွက် ငွေကျပ်သိန်း ၁၀၀၊ အမျိုးသားစာပေဆုအတွက် ငွေကျပ် သိန်း ၃၀၊ စာပေဗိမာန်စာမူ ပထမဆုအတွက် ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၁၀ သိန်းနှင့် တတိယဆုအတွက် ငွေကျပ်ခုနစ်သိန်း စသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိသည်။

“အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဆိုသော ဆောင်ပုဒ်ဖြင့် စာပေဗိမာန်သည် မြန်မာ့စာပေသမိုင်းတွင် အမျိုးသားစာပေဆုကြီးကို စိန်ရတုအကြိမ်မြောက်တိုင်အောင် စာပေမှတ်တိုင် စိုက်ထူထားနိုင်ခဲ့ပြီဖြစ်သည်။ ။

❖ ❖ ❖

# ပျဉ်းမနားမြို့နယ်၌ မိုးစပါးမျိုးသစ်မိတ်ဆက်ခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်း သရုပ်ပြပွဲကျင်းပ

ပျဉ်းမနား နိုဝင်ဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ ပြည့်စုံရတနာပုံ ကုမ္ပဏီလီမိတက်၏ Yezin Super Rice–1 (YSR–1) မိုးစပါးစိုက်ခင်း၌ ၂၀၂၄–၂၀၂၅ ခုနှစ် မိုးစပါ Yezin Super Rice–1 (YSR–1) စပါးမျိုးသစ်မိတ်ဆက်ခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်း သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်းက ၂၀၂၄–၂၀၂၅ ခုနှစ် Yezin Super Rice–1 (YSR–1) စပါးမျိုးသစ်မိတ်ဆက်ခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနခွဲမှ ဒေါက်တာစန္ဒာမိုးက Yezin Super Rice–1 (YSR–1) စပါးမျိုးသစ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တောင်သူများအား ထောက်ပံ့သည့် ရွက်ဖျန်းဆေးနှင့် ပိုးသတ်ဆေးများကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်



တာဝန်ရှိသူများက မယ်ဇလီကုန်းကျေးရွာ ပြည့်စုံရတနာပုံ ကုမ္ပဏီလီမိတက်၏ Yezin Super Rice–1 (YSR–1) မိုးစပါးစိုက်ခင်းတွင် မိုးစပါးစံကွက် ရိတ်သိမ်းခြင်း၊ စပါးချိန်တွယ်ခြင်းများကို ကြည့်ရှုအားပေးကြရာ တစ်ဧကလျှင် စပါးအစိုအထွက်နှုန်း တင်း ၁၂၀၊ စပါးအခြောက်အထွက်နှုန်း ၁၁၄ တင်း ထွက်ရှိကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

## စာပေတန်ဆောင်

❖ စာပေခွန်အား၊ စွမ်းပကားကြောင့်
သားကောင်းလူမော်၊ ဖြစ်ထွန်းပေါ်၏။
❖ စာပေအလင်း၊ ဉာဏ်ဖြန့်ခင်း၍
ထိုးထွင်းသိကာ၊ တတ်လိမ္မာ၏။
❖ စာပေတန်ခိုး၊ သိလှုပ်နှိုး၍
ဆိုးသွမ်းသူပင်၊ ပျော့ပျောင်းယဉ်၏။
❖ စာပေရင်းခံ၊ လေ့ထုံသန်သော်
လမ်းမှန်တွေ့ရ၊ နှလုံးလှ၏။
❖ စာပေတန်ဆောင်၊ အလင်းရောင်တို့
ပြည်ဘောင်အနှံ့၊ ကုန်စင်ဖြန့်လျက်
ရှင်းသန့်ကြည်စွာ၊ လင်းလက်ပါသော်
သူငါလူတို့၊ ဉာဏ်မချို့အောင်
ပို့ဆောင်ရုံမျှ၊ ဘယ်မကချေ
ဖွေးလွစိတ်ထား၊ နှလုံးသားတို့
ခွန်အားဖြစ်စွ၊ အာဟာရလည်း
မုချသေချာ၊ ရမြဲသာတည့်။
❖ စာပေဟူသည်၊ သူ့စွမ်းရည်ကား
တိုင်းပြည်၏ဂုဏ်၊ လူမျိုးဂုဏ်ကို
ရှိန်ဟုန်ကြီးစွာ၊ ညွှန်းဆိုရာမို့
စာပေကိုမြှင့်၊ လူမျိုးမြင့်၏
ပွင့်ပန်းရာထောင်၊ ရနံ့ဆောင်သို့
လူ့ဘောင်လောက၊ မွှေးထုံစွတည့်။
❖ အို...
ထိုထိုအကျိုး၊ ဆင့်ဆင့်တိုးသည့်
“အမျိုးသားစာပေဆု”၊ ချိန်ယခုဝယ်
“စိန်ရတု”ခါညီ၊ ရောက်ခဲ့ပြီတည့်
ဖြစ်တည်ခဲ့ပါ၊ စဉ်အလာနှင့်
ထင်စွာကောင်းကျိုး၊ အမျိုးမျိုးကို
ဆတိုးရွက်ထမ်း၊ ရှေ့သို့လှမ်းမည်
သိန်းသန်းရတု တိုင်စေသော်...။
စာပေတန်ဆောင် လင်းစေသော်...။ ။

မောင်စိမ်းနောင်(လယ်ဝေး)

(စိန်ရတုအမျိုးသားစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဂုဏ်ပြုလျက်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ်(၁၀၀) ရာပြည့်အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့် အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace Hotel, Lake View Hall ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့ကြသည့် စီးပွားရေးတက္ကသိုလ်များမှ စီးပွားရေးဘွဲ့ရ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ငွေကြေးများလှူဒါန်းကြသကဲ့သို့ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းများ စီစဉ်ပေးခဲ့သည့် ဟိုတယ်လုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အခမ်းအနားအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်အထက် အလှူရှင်ခုနစ်ဦးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဆရာကြီး ဆရာမကြီးများနှင့် ဧည့်သည်တော်များကို တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့တွင် ကူညီပံ့ပိုးပေးခဲ့ကြသည့် အလှူရှင်ကိုးဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ငွေကျပ်သိန်း ၂၀ နှင့်အထက် အလှူရှင် ခြောက်ဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ငွေကျပ် ၁၀ သိန်းနှင့်အထက် အလှူရှင်ခြောက်ဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကျပ်ငါးသိန်းနှင့်အထက် အလှူရှင်ခြောက်ဦးကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အလှူရှင်များကိုယ်စား အလှူရှင်ဦးဇေယျာသူရမွန် (Zeya & Associates Co.,Ltd) ကကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများ လေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံး(အမျိုးသား)အသင်း၊ ဖူဆယ်(အမျိုးသား)အသင်း၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)အသင်း၊ ပိုက်ကျော်ခြင်း (အမျိုးသား) အသင်း၊ ပြေးခုန်ပစ်(အမျိုးသား၊အမျိုးသမီး)အသင်းနှင့် ဂေါက်သီးရိုက်(အမျိုးသား)အသင်းတို့မှ အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားကစားအသင်းများအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အဆင့်အတန်းရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိနိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်ရာတွင် စည်းကမ်းလိုက်နာပြီး အုပ်ချုပ်သူ၊ နည်းပြများ၏ သင်ကြားပြသမှုအတိုင်း စနစ်တကျလေ့ကျင့်သွားကြရန်၊ ကြံ့ခိုင်မှုကောင်းမွန်အောင် ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေး ဂရုစိုက်နေထိုင်သွားရန် မှာကြားကာ ချီးမြှင့်ထောက်ပံ့ငွေများနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အားကစားနည်းခြောက်မျိုးကို အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမား ၁၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်အတွင်းရှိ နေပြည်တော် အမှတ်(၁) ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံနှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဝဏ္ဏသိဒ္ဓိအားကစားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားပွဲများကျင်းပရာ အဆောက်အအုံများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ မီးအားပြည့်ပြည့်ဝဝဖြင့် အသုံးပြုနိုင်ရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် မှာကြားကာ ဓာတ်အားခွဲရုံများမှ အားကစားရုံများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကျောင်းသားများ ရိုးရာခြင်းလုံးဖြင့် သရုပ်ပြဖျော်ဖြေရန် စနစ်တကျလေ့ကျင့်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ Indoor Stadium (B)ရုံ၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေကြမည့် အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား ကျောင်းသူ ၂၇၀ က ထိုးကွင်းလေးနှင့် ခြင်းခတ်သူ နောက်ခံသီချင်းဖြင့် မြန်မာ့ရိုးရာခြင်းလုံးကို ခြင်းခတ်ကစားကြရင်း နိုင်ငံတော်အလံပုံ အပါအဝင် အုပ်စုဖွဲ့ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဟန်ချက်ညီညီ အစမ်းလေ့ကျင့်နေမှုများကိုကြည့်ရှုအားပေးသည်။

**ပေးအပ်ချီးမြှင့်**

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အဆင့် အားကစားပွဲတော် အခမ်းအနား၌ ပါဝင်ဖျော်ဖြေရမည် ဖြစ်ကာ မြန်မာ့ရိုးရာ အားကစားယဉ်ကျေးမှုအမွေကို မတိမ်ကော မပပျောက်အောင် မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်းသယ်ဆောင်ခြင်းဖြစ်၍ ဂုဏ်ယူစရာပင်ဖြစ်ရာ အားလုံးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုပါကြောင်း၊ အုပ်စုဖွဲ့ လေ့ကျင့်ကာလ နှစ်လခန့်ရှိပြီဖြစ်ရာ အခမ်းအနားတွင် ဝန်ကြီးဌာန ဂုဏ်ဆောင်လျက် ညီညီညာညာ သရုပ်ပြဖျော်ဖြေနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်းပြောကြားပြီး ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများထံ အားဖြည့်အချိုရည်၊ အားဆေးများနှင့် ဂုဏ်ပြုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘော လေ့ကျင့်ရေးရုံ (၁)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘော (အမျိုးသား)အားကစားအသင်း နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြု ဘော်လီဘော (အမျိုးသား)အားကစားအသင်းတို့ လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးက နှစ်ဖက်အသင်းမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ





နေပြည်တော် နိုဝင်ဘာ ၃၀

(၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် (၉) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးများကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ MGallery ဟိုတယ်၌ ကျင်းပရာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများသည် In-person/ Virtual စနစ်များဖြင့် တက်ရောက်သည်။

ဦးစွာ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၏ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးခေါင်းဆောင်များအနေဖြင့် မျိုးဆက်သစ်လူငယ်များ၏ အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မိမိတို့၏အားကောင်းခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကျင်းပပြီးစီးခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူငယ်ဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက်ဆွေးနွေးပြောကြားခြင်း၊ ပူးတွဲထုတ်ပြန်ချက်များကို ဆွေးနွေးအတည်ပြုခြင်း၊ (၁၄) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပမည့် အချိန်နှင့်နေရာတို့ကို ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးပထမပိုင်းအစီအစဉ်ကို ရပ်နားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် (၉) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပရာ အစည်းအဝေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်၊ အစီအစဉ်အသစ်များနှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပိုမိုအားကောင်းသည့် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဖန်တီးနိုင်မည့် အကြံပြုချက်များကို မျှဝေဆွေးနွေးပေးသွားရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း လူငယ်ထုအတွက် ပိုမိုကောင်းမွန်သည့် သာယာဝပြောမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည့် ရလဒ်ကောင်းများစွာနှင့် ပြီးမြောက်အောင်မြင်လာစေရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏အစီရင်ခံစာများကို ဖတ်ကြားတင်ပြခြင်း၊ အာဆီယံအပေါင်း ၃ နိုင်ငံများက မြန်မာနိုင်ငံ၏ ဥက္ကဋ္ဌဆောင်ပုဒ်ဖြစ်သည့် "သဟဇာတဖြစ်တဲ့ အာဆီယံလူ့အဖွဲ့အစည်းတစ်ခုကို လူငယ်တွေရဲ့ အင်အားနဲ့ ဖန်တီးဖော်ဆောင်သွားကြပါစို့"နှင့် စပ်လျဉ်း၍ လူငယ်ဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက် ဆွေးနွေးပြောကြားခြင်း၊ အစည်းအဝေးများ၏ ဝန်ကြီးများအဆင့် ပူးတွဲထုတ်ပြန်ချက်များကို အတည်ပြုခြင်းနှင့် (၁၀) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပမည့်အချိန်နှင့်နေရာကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ဥက္ကဋ္ဌတာဝန်များကို ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်များကို ဖိလစ်ပိုင်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့လည်းကောင်း လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့်အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးများနှင့်အတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကိုလည်း လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် MGallery ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့၌ ဆရာ ဆရာမများ သင်ထောက်ကူလက်တွေ့အသုံးချသင်ကြားမှုအရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၃၀

မွန်ပြည်နယ် (၂၀၂၄-၂၀၂၅) ပညာသင်နှစ် အခြေခံပညာအထက်တန်း သိပ္ပံဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်း (ပြည်နယ်အဆင့်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၁၀)အခြေခံပညာအထက်ကျောင်း မြတ်ပန်းမာလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဆွေးနွေးပွဲများနှင့် သင်တန်းများပို့ချခြင်းအားဖြင့် အခြေခံပညာ ဆရာ ဆရာမများ၏အရည်အသွေး တိုးတက်မြင့်မားလာမည့်အပြင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုစံနှုန်းများလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ၂၁ ရာစု၌ သင်ပြသူဆရာသည် Life Long Learner တစ်သက်တာသင်ယူသူဖြစ်ရုံမျှသာမက မိမိ၏ တပည့်များကိုလည်း တစ်သက်တာသင်ယူသူအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးလိုက်ရမည့်တာဝန်ဖြစ်သောကြောင့် သင်ယူသူမှန်သမျှ ဘဝတစ်သက်တာလုံးတွင် သင်ယူစရာများ၊ လေ့လာစရာများကို အစဉ်လိုက် ဆက်လက်လေ့လာဆည်းပူးစုဆောင်းနေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က အခြေခံပညာအထက်တန်းအဆင့်တွင် သိပ္ပံဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ၍ စာ တွေ့၊ လက်တွေ့သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က သင်တန်းရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြသင်ကြားပြသနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းတွင် ဓာတုဗေဒဘာသာ ၃၁၇ ဦး၊ ရူပဗေဒဘာသာ ၃၂၁ ဦး၊ ဇီဝဗေဒဘာသာ ၂၄၄ ဦး စုစုပေါင်း ၈၈၂ ဦး၊ ဓာတုဗေဒဘာသာရပ်အတွက် လက်တွေ့ခန်း ရှစ်ခန်း၊ ရူပဗေဒဘာသာရပ်အတွက် လက်တွေ့ခန်း ရှစ်ခန်း၊ ဇီဝဗေဒဘာသာရပ်အတွက် လက်တွေ့ခန်း ခြောက်ခန်းဖြင့် သင်တန်းနည်းပြများက တစ်ခန်းလျှင် နှစ်ဦးနှုန်းဖြင့် နှစ်ရက်တာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**





## မကွေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

မကွေး နိုဝင်ဘာ ၃၀

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်သည့် Grade -11 နှင့် Grade-12 တို့တွင် သင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ဥပဒေဘာသာရပ် သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများကို ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း (Training of Trainer-TOT) အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က မကွေးမြို့ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၁၆၅ ဦးအား တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လက်ထောက် တိုင်းဒေသကြီး ဥပဒေအရာရှိ ခုနစ်ဦးက သင်ခန်းစာဘာသာရပ် ခုနစ်ခုကို နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးခဲ့ပြီး စုစုပေါင်း သင်တန်း ခြောက်ကြိမ် ဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ ယခုသင်တန်းသည် ဒုတိယအကြိမ် ဖွင့်လှစ်ခဲ့သည့် သင်တန်းဖြစ်ကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ထိန်းသိမ်းနိုင်သောလောကတစ်ခု ဖန်တီးဆောင်ရွက်မှုများကို အားဖြည့်ပေးကြစို့

ရွှေမိ



မသန်စွမ်းနဲ့ပတ်သက်ပြီး ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ပန်းချီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ စတဲ့ အနုပညာပေါင်းများစွာကို Full Audio Book အနေနဲ့ ဖန်တီးသူတို့ရဲ့အသံတွေကို နားဆင်ခဲ့ဖူးပါတယ်။

**"မသန်စွမ်းသူများအား ကူညီရိုင်းပင်းကြစေဖို့"**

**"နိုင်ငံတော်အဆင့် မသန်စွမ်းဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစို့"**

**"မသန်စွမ်းသူများ အမှီအခိုကင်းစွာ ဘဝ ရပ်တည်နိုင်ရေး နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ပေး"** စတဲ့ နှိုးဆော်ချက်တွေ၊ မေတ္တာရပ်ခံချက်တွေနဲ့ အသိပေး ကြိုးပမ်းဆောင်ရွက်နေတာတွေ ကြားသိရလို့ မသန်စွမ်းသူအားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။

မသန်စွမ်းဆိုတာ အကြားအာရုံမသန်စွမ်း၊ အမြင်အာရုံမသန်စွမ်း၊ ခန္ဓာမသန်စွမ်း၊ ဦးနှောက်မသန်စွမ်းနဲ့ တစ်ခုထက်ပိုမသန်စွမ်း စသဖြင့် ရှိပါတယ်။ ၉၅ ရာခိုင်နှုန်းကျော်ဟာ မွေးရာပါမသန်စွမ်းကြသူများဖြစ်ပါတယ်။ ဒီနေရာမှာ မသန်စွမ်းဆိုတာကို အများနားလည်အောင် အနည်းငယ်ရှင်းပြပါမယ်။

မူဝါဒအရ မသန်စွမ်းသတ်မှတ်ဖို့ အောက်ပါအချက်တွေကို သိထားရမယ်–

**ရုပ်ပိုင်းဆိုင်ရာ (Physical Impairment)။** ကိုယ်လက်အင်္ဂါမပြည့်စုံခြင်း (ဥပမာ ခြေ၊ လက်များမပါရှိခြင်း၊ မျက်စိမမြင်ခြင်း) ခြေလက်တွေပါရှိပေမယ့် တုံ့ပြန်မှုစနစ်များမရှိခြင်း။

**စိတ်ပိုင်းဆိုင်ရာ (Mental Impairment)။** သင်ကြားရေးပိုင်းမှာ ဉာဏ်ရည်ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနဲ့ မရှိခြင်း။

**စနစ်ပိုင်းဆိုင်ရာ (Sensory Impairment)။** နာကျင်မှုအသိမရှိခြင်းနဲ့ အသိနောက်ကျခြင်း။

**ရှည်လျားတဲ့ကျန်းမာရေးထိခိုက်မှု (Chronic Health Conditions)။** မွေးရာပါ ကိုယ်ခန္ဓာသန်စွမ်းပေမယ့် နေထိုင်စားသောက်မှုပုံစံ မှားယွင်းမှုကနေ နောက်ဆက်တွဲ ရောဂါအကျိုးဆက်ကြီးမားမှုကြောင့် နာတာရှည်ရောဂါဝေဒနာရှင်ဘဝ ရောက်ခဲ့ရသူများ။

မသန်စွမ်းဆိုတာ အများနားလည်ထားတဲ့ မွေးရာပါကိုယ်ခန္ဓာချို့ယွင်းသူများကိုပဲ ခေါ်တာမဟုတ်ပါဘူး။ မွေးရာပါ ကိုယ်ခန္ဓာသန်စွမ်းကြပေမယ့် အရွယ်ရောက်လာပြီး နာတာရှည်ရောဂါဝေဒနာရှင်ဖြစ်သွားရင်လည်း နိုင်ငံတကာဥပဒေအရ မသန်စွမ်းလို့ သတ်မှတ်ထားတာကို သိရှိနားလည်ထားဖို့လိုပါတယ်။

မသန်စွမ်းသူတွေအရေးနဲ့ပတ်သက်လို့ နိုင်ငံတကာမှာ ၁၉၉၃ ခုနှစ်ကတည်းက ဥပဒေတွေ ပြဋ္ဌာန်းပေးခဲ့ပေမယ့် ၂၀၁၅ ခုနှစ်နောက်ပိုင်းမှ မသန်စွမ်းဆိုတဲ့စကားရပ်ကို လူ့အဖွဲ့အစည်းအတွင်း တွင်တွင်ကျယ်ကျယ် ခေါ်ဝေါ်သုံးစွဲခဲ့ကြတာပါ။ အဲဒီကာလနောက်ပိုင်း နိုင်ငံတကာမှာ မသန်စွမ်းသူတွေအရေးနဲ့ပတ်သက်ပြီး စောင့်ရှောက်မှုတွေ၊ ကာကွယ်ပေးမှုတွေ၊ ချီးမြှောက်ထောက်ပံ့မှုတွေ၊ မသန်စွမ်းသူတွေ သီးသန့်အားကစားပြိုင်ပွဲတွေ ပြုလုပ်ပေးလာကြပါတယ်။

မသန်စွမ်းသူတွေဟာ စိတ်ဓာတ်ကျလွယ်ပြီး လောကကို အရှုံးပေးလွယ်ကြသူများမဟုတ်ကြောင်း အောက်ပါပုဂ္ဂိုလ်များကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါတယ်–

**Louis Braille (လူဝီဘရေးလ်)**

မျက်မမြင်မသန်စွမ်းသူတွေရဲ့ ပညာရေးကို လမ်းဖွင့်ပေးခဲ့သူ ပြင်သစ်နိုင်ငံသား လူဝီဘရေးလ်ဟာ ၁၈၀၉ ခုနှစ်မှာ မွေးဖွားခဲ့တယ်။ သူ့အသက်သုံးနှစ်အရွယ်မှာ မျက်လုံးထိခိုက်ခဲ့ပြီး အမြင်အာရုံလုံးဝဆုံးရှုံးခဲ့ရသူဖြစ်ပါတယ်။ အမြင်အာရုံဆုံးရှုံးခဲ့ရပေမယ့် အခြားသူတွေနည်းတူ ဘဝရပ်တည်နိုင်ရေးအတွက် အချိန်ပြည့် တီထွင်ကြံဆခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ သူ့ရဲ့ မဆုတ်မနစ်ကြိုးစားမှုတွေကြောင့် ၁၈၂၄ ခုနှစ် (၁၅ နှစ်သားအရွယ်) မှာ မျက်မမြင်မသန်စွမ်းသူများ ပညာရေးအတွက် လက်စမ်းစာပေကို တီထွင်နိုင်ခဲ့ပြီး ၁၉၃၂ ခုနှစ်မှာ တစ်ကမ္ဘာလုံးက တရားဝင်အသုံးပြုခွင့်ပြုခဲ့ပါတယ်။

အဲဒီ လက်စမ်းစာပေဟာ ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့တဲ့ Night Writing စနစ်ကို အခြေခံပြီး ဆန်းသစ်တီထွင်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်စမ်းစာပေမပေါ်ခဲ့မီအချိန်က မသန်စွမ်းတွေအတွက် ပညာရေးဆိုတာ မရှိသလောက်ပါပဲ။ အလုပ်လုပ်တဲ့ ပညာရပ်တွေသာ ရှိခဲ့ပါတယ်။ လူဝီဘရေးလ်ရဲ့ လက်စမ်းစာပေကြောင့် ဘဝတူ မသန်စွမ်းမျက်မမြင်တွေရဲ့ ပညာရေးလမ်းစတွေ ပေါ်ပေါက်ခဲ့ရပါတယ်။ လူဝီဘရေးလ်ရဲ့ လက်စမ်းစာပေဟာ နိုင်ငံတကာအသိအမှတ်ပြုပုံစံတစ်ခုအဖြစ် ယနေ့တိုင် အသုံးပြုနေရဆဲ ဖြစ်ပါတယ်။

**Helen Keller (ဟယ်လင်ကဲလား)**

မသန်စွမ်း လူထုလှုပ်ရှားမှုခေါင်းဆောင် ဟယ်လင်ကဲလားကို ၁၈၈၀ ပြည့်နှစ် ဇွန်လ ၂၇ ရက်နေ့မှာ အမေရိကန်နိုင်ငံ ကိန်းဘရစ်ချ်မှာ မွေးဖွားခဲ့ပါတယ်။ ၁၉ လအရွယ်မှာ အပြင်းဖျားနာပြီး ကံမကောင်းအကြောင်းမလှဘဲ မျက်မမြင် နားမကြားဘဝကို ရောက်ရှိသွားခဲ့ရပါတယ်။ ငွေကြေးအင်အားနဲ့ ပညာရေးအဆင့်အတန်း အလယ်အလတ်ရှိတဲ့ ဟယ်လင်ကဲလားရဲ့ မိဘတွေဟာ သင်ကြားရေးဆရာမတစ်ဦးခေါ်ယူပြီး ဟယ်လင်ရဲ့ အနာဂတ်အတွက် စီမံခဲ့ကြပါတယ်။ သင်ကြားရေးဆရာမ အန်ဆာလီဗန်ကလည်း ဟယ်လင်ငယ်စဉ်ကတည်းက အတူနေထိုင်ကာ အပင်ပန်းခံ ကြိုးစားသင်ကြားခဲ့ပါတယ်။

ဟယ်လင်ကဲလားရဲ့ ကြိုးစားသင်ယူမှုများကြောင့် မျက်စိမမြင်၊ နားလည်းမကြားပေမယ့် စကားပြောနိုင်ခဲ့တဲ့အတွက် အမေရိကန်နိုင်ငံရဲ့ Radcliffe College မှာ တက်ရောက်ခွင့်ရခဲ့ပြီး ကမ္ဘာ့ပထမဆုံး မသန်စွမ်းဘွဲ့ရအမျိုးသမီးတစ်ဦးဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ၁၉၆၄ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ အမြင့်ဆုံးပညာရှင်ဆု **(Presidential Medal of Freedom)** ကို သမ္မတကြီး **Lyndon B. Johnson** ကိုယ်တိုင် ချီးမြှင့်ခဲ့ပါတယ်။

ဟယ်လင်ကဲလားဟာ အမျိုးသမီးမသန်စွမ်းသူများ တန်းတူအခွင့်အရေးရရှိရေးအတွက် နိုင်ငံပေါင်း ၃၉ နိုင်ငံအထိ သွားရောက်ပြီး မသန်စွမ်းသူတွေရဲ့ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ဟောပြောစည်းရုံးခဲ့ပါတယ်။ ၁၉၅၅ ခုနှစ် မေလ ၁၅ ရက်နေ့မှာ ရွှေတိဂုံဘုရားသို့ သူ့ဆရာမနဲ့အတူ လာရောက်ပြီး အမှတ်တရဓာတ်ပုံရိုက်ခဲ့ပါတယ်။ The Story of My Life စာအုပ်အပါအဝင် စာအုပ် ၁၄ အုပ် ရေးသားခဲ့ပါတယ်။ သူရဲ့ခံယူချက်မှာ **"မျက်စိမမြင်တာ အရေးမကြီး၊ နားမကြားတာ အရေးမကြီး စိတ်ဓာတ်နဲ့ကြိုးစားမှုကသာ အရေးအကြီးဆုံး"**ဆိုပြီး ဖြစ်ပါတယ်။ ဟယ်လင်ကဲလားဟာ ကမ္ဘာပေါ်မှာ လူအများဆုံး ဝိုင်းဝန်းလေးစားရဆုံး **မသန်စွမ်းလူထုလှုပ်ရှားမှုခေါင်းဆောင်**တစ်ဦးဖြစ်ပြီး ၁၉၆၁ ခုနှစ် ဇွန်လ ၁ ရက်နေ့ အသက် ၈၇ နှစ်အရွယ်မှာ နာတာရှည်ရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ပြီးနောက်ပိုင်းမှာလည်း ဟယ်လင်ကဲလားကို နိုင်ငံတကာက အခမ်းအနားများစွာနဲ့ ဂုဏ်ပြုခဲ့ကြပါတယ်။ ကဲလားရဲ့ဘဝနဲ့ အလုပ်တွေဟာ မသန်စွမ်းဘဝကို ကျော်လွှန်ပြီး လောကကြီးကို လှုပ်လှုပ်ရှားရှားဖြစ်စေဖို့ သက်သေပြခဲ့တာ ယနေ့တိုင် ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံကြီးများနည်းတူ မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားတဲ့ မသန်စွမ်းသူများစွာလည်း ရှိပါတယ်။

**မနန်းထက်ထက်အောင်**

ခြေထောက်မရှိပေမယ့် နာမည်ကျော် **Motivational Talk Show** များစွာပြုလုပ်ခဲ့ပြီး ရုပ်သံအစီအစဉ်များ ထုတ်လွှင့်နိုင်ခဲ့တဲ့ မသန်စွမ်းအမျိုးသမီးတစ်ဦးပါ။

**မြတ်မင်းကိုကို**

လက်တစ်ဖက်မရှိခဲ့ပေမယ့် ပန်းချီကားပေါင်းများစွာရေးဆွဲပြီး မသန်စွမ်းသူတွေရဲ့ စိတ်ဓာတ်မာန်ဖြစ်စေခဲ့သူတစ်ဦးပါ။

**အောင်ကိုကို**

မျက်မမြင် မသန်စွမ်းအဆိုရှင်ထဲမှာ အသံချိုချိုလေးကိုပိုင်ဆိုင်ထားတဲ့ အောင်ကိုကိုဟာ ထင်ရှားအကျော်ကြားဆုံးတစ်ယောက်ပါ။ အဆိုတော်ထူးအိမ်သင်အသံလို ထူးခြားလှတဲ့ပါရမီကြောင့် တစ်နိုင်ငံလုံးရဲ့ ချစ်ခင်အားပေးမှု ရရှိနေသူတစ်ဦးလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း ကောက်ယူခဲ့တဲ့ စာရင်းအရ မသန်စွမ်းဦးရေ နှစ်သန်းခန့်ရှိပါတယ်။ မသန်စွမ်းသူအားလုံးဟာ အိမ်မှာ၊ လမ်းပေါ်မှာ သွားလာလှုပ်ရှားတဲ့နေရာမှာ ကြွက်သားမှတ်ဉာဏ် (Muscle Memory) နဲ့ ပတ်ဝန်းကျင်ကို မှတ်သားထားပြီး သွားလာလှုပ်ရှားနေရသူတွေဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပတ်ဝန်းကျင်မှာ သွားလာလှုပ်ရှားနေတဲ့ မသန်စွမ်းသူတွေရှိပါက သူတို့သွားလာရာ လမ်းတစ်လျှောက်မှာ ပတ်ဝန်းကျင်အပြောင်းအလဲမဖြစ်စေရေး အထူးဂရုပြုကြစေလိုပါတယ်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) ကို ကုလသမဂ္ဂက ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှာ သတ်မှတ်ပေးခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို "ကမ္ဘာ့မသန်စွမ်း"နေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး နိုင်ငံပေါင်းစုံမှာရှိတဲ့ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ကြစေဖို့နဲ့ အသိပညာမြှင့်တင်ပြီး လူမှုရေးတွင် ပိုမိုပူးပေါင်းပါဝင်စေဖို့ ရည်ရွယ်ချက်တွေနဲ့ နှစ်စဉ်ကျင်းပကြဖို့ တိုက်တွန်းခဲ့ပါတယ်။

အဲဒီကာလမှစလို့ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ မသန်စွမ်းသူတွေ အသိပညာရရှိစေဖို့ အမျိုးမျိုးသောနည်းလမ်းတွေနဲ့ အစဉ်အမြဲ အခမ်းအနားတွေ ကျင်းပခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာလည်း မသန်စွမ်းသူတွေရဲ့ လိုအပ်ချက်တွေကို တာဝန်ရှိအစိုးရအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း(NGO)တွေနဲ့ စေတနာရှင်ပြည်သူတွေက မသန်စွမ်းသူတွေကို ပံ့ပိုးကူညီစောင့်ရှောက်လျက်ရှိပါတယ်။ ကူညီစောင့်ရှောက်မှုပုံစံကွဲပြားစေကာမူ နိုင်ငံတိုင်းရဲ့ တူညီတဲ့တစ်ခုတည်းသောရည်ရွယ်ချက်ကတော့ **"မသန်စွမ်းသူများအားလုံး အနာဂတ်တွင် ပိုမိုပေါင်းစည်းလွယ်ပြီး ထိန်းသိမ်းနိုင်သော လောကတစ်ခု ဖန်တီးဆောင်ရွက်မှုများကို အားဖြည့်ပေးကြစို့"** ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား – နေ့စဉ်ထုတ်သတင်းစာများနှင့် ဝက်ဘ်ဆိုက်များ**

**"မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း ကောက်ယူခဲ့သောစာရင်းအရ မသန်စွမ်းဦးရေ နှစ်သန်းခန့်ရှိပါတယ်။ မသန်စွမ်းသူအားလုံးဟာ အိမ်မှာ၊ လမ်းပေါ်မှာ သွားလာလှုပ်ရှားတဲ့နေရာမှာ ကြွက်သားမှတ်ဉာဏ် (Muscle Memory)နဲ့ ပတ်ဝန်းကျင်ကို မှတ်သားထားပြီး သွားလာလှုပ်ရှားနေရသူတွေဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပတ်ဝန်းကျင်မှာ သွားလာလှုပ်ရှားနေတဲ့ မသန်စွမ်းသူတွေရှိပါက သူတို့သွားလာရာ လမ်းတစ်လျှောက်မှာ ပတ်ဝန်းကျင်အပြောင်းအလဲမဖြစ်စေရေး အထူးဂရုပြုကြစေလို"**

# ရွှေတိဂုံစေတီတော် (၁၀၆)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၆) ကြိမ်မြောက် စေတိယင်္ဂဏစာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာ တော်ကြီးများ၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များ ကြွရောက်တော်မူ ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာမဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ငြိမ်းပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် စေတိယင်္ဂဏစာလျှောက်မေးပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးငွေလှိုင်က အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ယင်းနောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲဩဝါဒါစရိယ တိပိဋကရွေးချယ်ရေး အဖွဲ့ ဩဝါဒါစရိယ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်း တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ ဝဋံသကာပါဠိ ပါရဂူ စေတိယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု ဘဒ္ဒန္တ နာရဒါဘိဝံသ(လှရတနာဆရာတော်)ထံမှ စာလျှောက် မေးပွဲနှင့်စပ်လျဉ်း၍ ဩဝါဒကထာနာယူကြသည်။

ထို့နောက် စာဖြေသံဃာတော်များအား အမှတ် စဉ်အလိုက် စာဖြေပလ္လင်ပေါ်သို့ ပင့်ဆောင်၍ အာဂုံ ပြန်ဆိုခြင်းအစီအစဉ်အား ဆက်လက်ဆောင်ရွက်ကြ သည်။

ယနေ့ကျင်းပသည့် (၁၀၆) ကြိမ်မြောက် စာမေး ပွဲတွင် သီးခြားစာချတန်း ၄၁ ပါး၊ သီးခြားစာသင်တန်း ၁၉၈ ပါး၊ စာဖြေသံဃာစုစုပေါင်း ၂၃၉ ပါးတို့က ဒီဇင်ဘာ ၆ ရက်အထိ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ယနေ့တွင် သီးခြားစာသင်တန်းဖြေသံဃာတော် ၁၉၈ ပါးတို့က အာဂုံပြန်ဖြေဆိုကြမည်ဖြစ်ကာ ဒီဇင်ဘာ ၁ ရက်တွင် ယင်းအာဂုံပြန် အောင်စာရင်း အား ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ထို့အတူ ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်ထိ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်း သဘောရေးဖြေ ဖြေဆိုကြမည်ဖြစ် ပြီး ဒီဇင်ဘာ ၈ ရက်တွင် အောင်စာရင်းထုတ်ပြန် ကြေညာပေးမည်ဖြစ်သည်။



ယနေ့ နံနက် ၁၀ နာရီတွင်အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဩဝါဒါစရိယဆရာ တော်ကြီးများ၊ စာထောက်စာမဆရာတော်များနှင့် စာဖြေသံဃာတော်များအား ရှေးဟောင်းဗုဒ္ဓရုပ်ပွား တော်များတန်ဆောင်း၊ ထီးတော်ရုံတန်ဆောင်းတို့ တွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် အလှူရှင် များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**ဇော်မင်းလတ်-MNA**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်တော် ကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဗုဒ္ဓပြတိုက်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှု

**စစ်တွေ နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ ယနေ့နံနက်ပိုင်း က စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး ရင်ပြင်တော် နေပူခံ ကျောက်ပြားခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဗုဒ္ဓပြတိုက်၌ ဌာနဆိုင်ရာဝန်ထမ်း များ စုပေါင်းသန့်ရှင်းရေး ဆောင် ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။



ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့သည် လောကာနန္ဒာ စေတီတော်မြတ် ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော် ကြပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်နိုင်ရန် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြ သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် စေတီတော် မြတ်ကြီးရင်ပြင်တော်၌ နေပူခံ ကျောက်ပြား ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးကြရာ လမ်းဦးစီး ဌာန ပြည်နယ်ဦးစီးမှူး ဦးလှရွှေ နှင့် အင်ဂျင်နီယာအဖွဲ့များက လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီ အမံများကို ရှင်းလင်းတင်ပြကြ ရာ ပြည်နယ်ဝန်ကြီးချုပ်က ကျောက်ပြားခင်းခြင်း လုပ်ငန်းကို စနစ်တကျသပ်ရပ်စွာဖြင့် ရေရှည် တည်တံ့ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့ တတ်ကျွမ်းသည့် ပညာဖြင့် ကုသိုလ်ပြုခွင့်ရရှိသကဲ့သို့စေတနာ အပြည့်ဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် စစ်တွေမြို့ ဗုဒ္ဓ ပြတိုက်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုကို သွားရောက်ကြည့်ရှု အားပေးကြသည်။ စစ်တွေမြို့ ဗုဒ္ဓပြတိုက် သန့်ရှင်းသာယာလှပ ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများက စွန့်ပစ်အမှိုက်များ ကောက်ယူ သိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ် များကို ခုတ်ထွင်ရှင်းလင်းခြင်း များ ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင် ရွက်ကြသည့် ဝန်ထမ်းများသည် ရေမြောင်းများအတွင်းရှိ အမှိုက် များကို ရှင်းလင်းခြင်း၊ ရေစီး ရေလာ ကောင်းမွန်ရေးနှင့် ပြတိုက်အနီး ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိုင်းယောင်းမြို့၌ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နံနက် ၉ နာရီခွဲတွင် ဗလမင်းထင်ခန်းမ၌ မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းပြုစုရေးအဖွဲ့ များဖြင့် ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး မှူးသည် ပါဟုတ်အုပ်စု ပါဟုတ်ကျေးရွာနှင့် ဟောင်ကြန့်အုပ်စု ဟောင်ကွေ့ ကျေးရွာတို့တွင် ရှောင်တခင် ငြိမ့်စာရင်းစစ်ဆေးခဲ့သည်။ ညနေ ၅ နာရီခွဲတွင် ဗလမင်းထင်ခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ အရာထမ်း/အမှုထမ်းများအား စုစုပေါင်းငွေ ကျပ် ၅၆၃၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံ-အိန္ဒိယ ဂီတပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နယူးဒေလီ နိုဝင်ဘာ ၃၀**

အာဆီယံ-အိန္ဒိယ ဂီတပွဲတော် (ASEAN-India Music Festival) ကို ယမန်နေ့ညနေပိုင်းတွင် နယူးဒေလီမြို့ သမိုင်းဝင် ပူရာနာခီလာ အဆောက်အအုံ၌ စတင်ကျင်းပသည်။

**အားပေးကြည့်ရှု**

ပွဲတော်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အနုပညာရှင်များနှင့် အိန္ဒိယနိုင်ငံမှ အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အိန္ဒိယနိုင်ငံမှ ဂီတအနုပညာကိုချစ်မြတ်နိုး ကြသူများက တစ်ခဲနက်လာရောက်အားပေးကြည့်ရှုခဲ့ကြသည်။

အဆိုပါပွဲတော် ပထမနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့မှ ခေတ်ပေါ်တေး သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါဂီတပွဲတော်ကို အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက အိန္ဒိယ အစိုးရ၏ အရှေ့တောင်အာရှနိုင်ငံများနှင့်ဆက်ဆံရေးမြှင့်တင်မှုမူဝါဒ (၁၀)နှစ်ပြည့်အထိမ်းအမှတ်နှင့် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား မဟာဗျူဟာမြောက်ဆက်ဆံရေးကိုမြှင့်တင်ရန် စီစဉ်ကျင်းပခြင်းဖြစ် သည်။



ဂီတပွဲတော်ကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပ သွားရန်စီစဉ်ထားပြီး ပွဲတော်ဒုတိယနေ့တွင် အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံ တို့မှ ဂီတအနုပညာရှင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ပွဲတော်နောက်ဆုံးနေ့တွင် အာဆီယံနှင့် အိန္ဒိယနိုင်ငံမှဂီတအနုပညာ ရှင်များက စုပေါင်းဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်သာယာ**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားသံများ

**တွေ့ဆုံမေးမြန်း**
**လင်းရာမ**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုရှင်အချို့၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-


ဉာဏ်လင်းတင့်


ကပ္ပတိန်သာစိန်


သုတေသီမောင်မောင်

**ဉာဏ်လင်းတင့်**
**အမျိုးသားစာပေဆု**
**ယဉ်ကျေးမှု**

ကျွန်တော့်အဓိက အသက်မွေးဝမ်းကျောင်းအလုပ်က ပုံနှိပ်တိုက်နဲ့ စာအုပ်ထုတ်ဝေရေး အလုပ်ပါ။ မဂ္ဂဇင်းနှစ်အုပ်မထုတ်တော့တဲ့အချိန်မှာ ရုံးချိန်အတွင်း အချိန်ပို၊ အချိန်အားလေးတွေ ပိုထွက်လာတော့ အားတဲ့အချိန်လေးမှာ နှစ်တစ်ရာကျော်ဘုန်းကြီးကျောင်းများစာအုပ်ကို စရေးဖို့ ပြုစုပါတယ်။ ပြုစုရင်းနဲ့ စာမျက်နှာတွေများပြီး လေ့လာရမယ့်အကြောင်းအရာတွေက ကျယ်ပြန့်လာတော့ ဘုန်းကြီးကျောင်းအကုန်မရေးဘဲနဲ့ တော်ဝင်မျိုးနွယ် ရှင်ဘုရင်၊ မိဖုရားနဲ့ မင်းညီမင်းသားတွေ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတွေကိုရေးသားပြုစုရင်း အချက်အလက်ရှာရတာလွယ်ပြီး စာမျက်နှာလည်းပိုနည်းလာမယ်လို့တွေးမိပြီး **"ပျောက်ကွယ်ခဲ့သောတော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ"**ဆိုတဲ့ စာအုပ်ကို ရေးသားပြုစုခဲ့တာပါ။

ဒီစာအုပ်မှာပါတဲ့ သမိုင်းဆိုင်ရာအချက်အလက်တွေ၊ ဓာတ်ပုံတွေ ရရှိဖို့က တဖြည်းဖြည်းချင်း စုဆောင်းပြီး ရေးသားပြုစုခဲ့ရတာပါ။ အင်တာနက်ကတစ်ဆင့်ဩွန်တဲ့ ဝက်ဘ်ဆိုက်တွေ၊ အခြားနိုင်ငံတွေက တက္ကသိုလ်စာကြည့်တိုက်တွေအထိ ဓာတ်ပုံတွေ၊ စာတွေကို အွန်လိုင်းက အချိန်အားရင် အားသလို ရှာဖွေစုဆောင်းရပါတယ်။ ဒီတော့ ဒီစာအုပ်ထဲက အဓိကပြောချင်တာက ကျွန်တော်တို့မြန်မာပြည်မှာ အဲသလိုကြီးမားဖြောင့်စင်းတဲ့ ကျွန်းတွေပေါက်ရောက်ရာ သစ်တောကြီးရှိခဲ့တယ်။ ဒီကျောင်းကြီးကို ဒီလိုလှပခံ့ညားအောင် ဆောက်လုပ်ခဲ့တဲ့ မြန်မာဗိသုကာပညာရှင်တွေနဲ့ မြန်မာလက်မှုအနုပညာတွေ ထွန်းကားခဲ့တယ်။ မယုံဘူးလား။ ဒီမှာ အဲဒီခေတ်ကရိုက်ထားတဲ့ ဓာတ်ပုံတွေ။ ဒီစာအုပ်ရဲ့ အဓိကအကြောင်းအရာက အဲဒါတွေပါ။ အခုလိုမျိုး အမျိုးသားစာပေဆုရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

ကျောင်းသားဘဝက ရွှေသွေးမှာ "ပွဲမရှိသာလေ့"ဆိုပြီးဝတ္ထုတိုလေးတစ်ပုဒ်စမ်းရေးဖူးတယ်။ ဘွဲ့ရပြီးမှ အဲဒီဝတ္ထုလေးပါလာတယ်။ အဲဒီအချိန်က စာပေထွန်းကားတဲ့အချိန်ဆိုတော့ ကလောင်စမ်းတဲ့သူတွေများတယ်လေ။ ရေးသားတဲ့စာပေအမျိုးအစားကတော့ သိပ်မများပါဘူး။ ကိုးကားပြီးရေးရတဲ့ စာမျိုးကို သဘောကျတယ်။ ဥပမာ-ဘာသာပြန်လိုမျိုး၊ ခုလိုသမိုင်းအထောက်အထားအပြည့်အစုံရှိတဲ့ ဘုန်းကြီးကျောင်းလိုစာအုပ်မျိုး။ ဘာသာပြန်စာအုပ် ခြောက်အုပ်၊ ဘာသာရေးနဲ့ပတ်သက်တာ ဘုန်းကြီးကျောင်း အပါအဝင် ခြောက်အုပ်ပဲရှိပါသေးတယ်။ လက်ရှိကတော့ ကိုယ့်စီးပွားရေးလုပ်ငန်းဖြစ်တဲ့ပုံနှိပ်တိုက်လုပ်ငန်းကို ကြီးကြပ်ပြီး နောက်ထွက်မယ့် စာအုပ်လေးတွေကို အချိန်အားတဲ့အခါမှာ ရှာဖွေပြုစုရေးသားနေပါတယ်။

**ကပ္ပတိန်သာစိန်**
**အမျိုးသားစာပေဆု**
**လူငယ်**

ကိုယ်တိုင်ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကို **"ဒီဘဝခရီးသွား လူငယ်များသို့"** ဆိုတဲ့ စာအုပ်မှာ တင်ပြထားပါတယ်။ လူကြီးဆိုတာလည်း လူငယ်ဘဝက တက်လာတာဖြစ်လို့ သူ့မှာလည်း အခက်အခဲတွေအများကြီး ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကို လူငယ်တွေကိုပြောပြတဲ့ သဘောပေါ့။ ဥပမာအားဖြင့် ကျွန်တော့် ဘဝဆိုရင်လည်း ရေတပ်က ဗိုလ်မှူးဘဝ၊ နောက် သင်္ဘောကပ္ပတိန်ဘဝ၊ နောက်တစ်ခါ လွှတ်တော်ကိုယ်စားလှယ်ဘဝ၊ စာရေးဆရာဘဝ စသည်အားဖြင့် အဲဒီဘဝတွေမှာ ဘယ်လိုကြုံခဲ့ရတယ်၊ အခက်အခဲတွေကို ဘယ်လိုကျော်လွှားခဲ့ရတယ် ဆိုတာတွေကို လက်တွေ့ဆန်အောင် ရေးသားထားတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံကို လူငယ်တွေသိအောင်၊ သူတို့အတွက် အကျိုးရှိအောင် ရည်ရွယ်ပြီး ရေးသားခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်က အခု အသက်(၈၇)နှစ်ရှိပါပြီ။ ဒီအသက်အရွယ်ရောက်မှ ဆုတွေဘာတွေ ရတယ်ဆိုတော့ ဝမ်းသာတာပေါ့။ ကျွန်တော်က စာအုပ်ရေ ၄၀ လောက်ထုတ်ထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မပြိုင်ပါဘူး။ အခုဟာက မိတ်ဆွေတွေက ပြိုင်မယ့်အထဲမှာ ထည့်ပေးလို့ဆုရတာပါ။ အထူးဝမ်းသာတယ်လို့ ပြောရမှာပေါ့ဗျာ။ ကျွန်တော်စာပေလောကထဲကို ၁၉၉၀ ပြည့်နှစ်မှာ **"သင်္ဘောသားမိတ်ဆက်"** ဆိုတဲ့ စာအုပ်နဲ့ စတင်ကျင်လည်လာခဲ့တာ အခုဆိုနှစ်ပေါင်း ၃၀ ကျော်၊ ၄၀ လောက်ရှိသွားပြီပေါ့။ အခုလိုဆုရတဲ့အတွက် ဝမ်းသာပါတယ်။ နောက်ပြီး စာပေနဲ့ပတ်သက်လို့ တတ်နိုင်သမျှ ဆက်လက်ပြီး လုပ်ဆောင်နေပါတယ်။ အသက်က စကားပြောလာတဲ့ အခါကျတော့ အရင်ကထက် နည်းနည်းတော့ ထိုင်းသွားပြီပေါ့ဗျာ။

ကပ္ပတိန်သာစိန်ကို အဘ ဦးပု-အမိ ဒေါ်စံမြခိုင်တို့က ရခိုင်ပြည်နယ်မောင်တောမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် မှတ်ပုံတင်ရေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်။ ရေတပ်ဗိုလ်လောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် နိုင်ငံခြားသင်္ဘောများ၌ ကပ္ပတိန်တာဝန်၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တာဝန် ထမ်းဆောင်ခဲ့သည်။

**သုတေသီမောင်မောင်**
**အမျိုးသားစာပေဆု**
**ရည်ညွှန်း**

ကျွန်တော်က ငယ်ငယ်ကတည်းက သီချင်းဆိုဝါသနာပါခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် ဇွန် ၁ ရက်မှာ ပဉ္စမတန်းအောင်မြင်လို့ အဘွားဖြစ်သူ ဒေါ်ငွေရင်က ဓာတ်စက်နဲ့ မလှရွှေရဲ့ စန္ဒကိန္နရီဓာတ်ပြား၊ မေသစ်ရဲ့ ဖိုးသာအောင် ဓာတ်ပြား၊ ကိုစိုးအောင်ရဲ့ ဝါသာခါ၊ ကိုစိုးအောင်၊ ရီရီဝေ၊ မာမာဝေရဲ့ ရွှေမိုးဝေဝေဓာတ်ပြားတွေကို ဆုအဖြစ်ပေးအပ်ခဲ့ပါတယ်။ စန္ဒကိန္နရီဓာတ်ပြားရဲ့ ကက်တလောက်နံပါတ်ကို စိတ်ဝင်စားလို့ ခေတ်ဟောင်းဓာတ်ပြားစာရင်းကို ပြုစုခြင်းနဲ့ ဓာတ်ပြားဟောင်းတွေ စုဆောင်းခြင်းတို့ကိုစတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တိုင် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့အသံရေဒီယိုသာမက အောအိန္ဒိယရေဒီယိုကိုပါ စတုတ္ထတန်းကျောင်းသားဘဝကတည်းက မလွတ်တမ်း နားထောင်ခဲ့လို့ ခေတ်ဟောင်းသီချင်းအားလုံးကို အလွတ်ရခဲ့ပါတယ်။

အဋ္ဌမတန်းရောက်တော့ လက်ရေးသီချင်းစာအုပ်ကြီးကို စတင်ရေးသားခဲ့ပြီး ၁၉၆၈ ခုနှစ်မှာ မော်လမြိုင်ကောလိပ်စတက်တော့ အဲဒီလက်ရေးခေတ်ဟောင်းသီချင်းစာအုပ်ကြီးက မော်လမြိုင် ကောလိပ်ကျောင်းအုပ်ကြီး ဦးလှရွှေထံရောက်ရှိသွားခဲ့ပါတယ်။ ကျောင်းအုပ်ကြီးက အဲဒီလက်ရေးသီချင်းစာအုပ်ကြီးကို လက်နှိပ်စက်ရိုက်ပြီး မော်လမြိုင်ကောလိပ်စာကြည့်တိုက်မှာထားရှိပေးခဲ့ပါတယ်။ ဒါ့အပြင် ကျောင်းအုပ်ကြီးက မဟာဂီတကျမ်းတွေက မာတိကာတွေကောက်ယူဖို့ တာဝန်ပေးခဲ့လို့ အဲဒီလုပ်ငန်းကို ၁၉၆၈ ခုနှစ်ကနေ ယနေ့တိုင် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအချိန်က မာတိကာတွေနဲ့ ဓာတ်ပြားသွင်းထားတဲ့ ရှားပါးတဲ့ မဟာဂီတစာသားတွေကိုသာ စုဆောင်းခြင်းဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ခေတ်ဟောင်းဓာတ်ပြားသီချင်းပေါင်းချုပ်ကြီးအတွက် ၂၀၂၁ ခုနှစ် ဇူလိုင် ၃ ရက်မှာ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးထွန်းရီထံ အမှာစာတောင်းခံခဲ့တဲ့အခါ ဆရာကြီးက မဟာဂီတစာအုပ်ထုတ်ဖို့ တိုက်တွန်းလို့ ၁၉၆၈ ခုနှစ်က ပြုစုခဲ့တဲ့ မဟာဂီတမာတိကာ ရှိပြီးဖြစ်လို့ သီချင်းစာသားတွေစုဆောင်းထုတ်ဝေမယ်လို့ ကတိပေးခဲ့ပါတယ်။ ငယ်ငယ်ကတည်းက ကိုယ်ပိုင်စုဆောင်းထားတဲ့ မဟာဂီတကျမ်းတွေက သီချင်းစာသားတွေကို စိစစ်ရွေးချယ်ခဲ့ပါတယ်။ မဟာဂီတကျမ်းတွေအပြင် ဓာတ်ပြားတွေ၊ ပေပုရပိုက်တွေ၊ ပညာရှင်ကြီးတွေ ထိန်းသိမ်းထားတဲ့ သီချင်းတွေပါရယူခဲ့ပါတယ်။ အခုဆုရတဲ့ **"မဟာဂီတ ပေါင်းချုပ်စွယ်စုံကျမ်း"** စာအုပ်အဖုံးမှာ ရည်ညွှန်းကိုးကားတဲ့ စာအုပ်တွေ၊ ပေပုရပိုက်တွေ၊ ဓာတ်ပြားတွေကိုဖော်ပြထားပါတယ်။

အခုလို အမျိုးသားစာပေဆုရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ။

## ထားဝယ်မြို့၌ သင်ထောက်ကူပစ္စည်းများလက်တွေ့အသုံးချ သင်ကြားနိုင်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ

ထားဝယ် နိုဝင်ဘာ ၃၀

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် သင်ထောက်ကူပစ္စည်းများလက်တွေ့အသုံးချသင်ကြားနိုင်ရေး အထက်တန်းဆင့်သင်ဆရာ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည်သင်ယူသူများ စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုနှင့် သင်ယူချင်စိတ်ရှိအောင်လှုံ့ဆော်နိုင်ခြင်း၊ သင်ပြမည့်အကြောင်းအရာများကိုရှင်းလင်းလွယ်ကူစွာနားလည်စေခြင်း၊ သင်ယူမှုနှေးကွေးသူများအတွက်အလွယ် တကူနားလည်စေခြင်း ၊အာရုံငါးပါးဖြင့် ကြားမြင်ထိတွေ့သင်ယူခြင်းဖြင့် ကျယ်ပြန့်သောဗဟုသုတများရရှိစေနိုင်ကြောင်း၊ သင်တန်းပြီး၍ သက်ဆိုင်ရာကျောင်းများသို့ ပြန်လည်ရောက်ရှိသည့်အခါသင်တန်းမှရရှိသောအတွေ့အကြုံကောင်းများကို မူတည်၍ မိမိ၏တပည့်ကျောင်းသား ကျောင်းသူများကို ထိရောက်စွာ ပြန်လည်သင်ကြားပို့ချပေးကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။


ဆွေးနွေးပွဲတွင် ထားဝယ်တက္ကသိုလ်မှ သင်တန်းနည်းပြများက သင်တန်းသားဆရာ ဆရာမ ၁၀၉ ဦးအား ဒီဇင်ဘာ ၁ ရက်အထိ သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် အခြားနယ်ပယ်များတွင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်ကင် ပြောကြား



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး အန်းဒရူး ဘီလော့ဆော့ဗ်တို့ ပြုံယမ်းမြို့တော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။

**ပြုံယမ်း နိုဝင်ဘာ ၃၀**

ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် အခြားနယ်ပယ်များတွင် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်ကင်ဂျုံအန်က မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားကာကွယ်ရေးဝန်ကြီး အန်းဒရူး ဘီလော့ဆော့ဗ်နှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ခေါင်းဆောင်ကင်ဂျုံအန်သည် ရုရှားကာကွယ်ရေးဝန်ကြီး အန်းဒရူး ဘီလော့ဆော့ဗ်နှင့် နိုဝင်ဘာ ၂၉ ရက်တွင် မြို့တော်ပြုံယမ်း၌ တွေ့ဆုံခဲ့ကြောင်း မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီ သတင်းစာ Rodong Sinmun က ယနေ့သတင်းဖော်ပြသည်။

ရုရှားနိုင်ငံရှိ ကာကွယ်ရေးဆိုင်ရာ ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် တာဝေးပစ်လက်နက်များကို ယူကရိန်းအား ထောက်ပံ့ပေးသော အမေရိကန်အပါအဝင် အနောက်နိုင်ငံများကို ခေါင်းဆောင်ကင်က ဝေဖန်ပြောကြားခဲ့သည်။

အမေရိကန်နှင့် အနောက်နိုင်ငံများက ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် စစ်ရေးအရ စွက်ဖက်ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့ကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးရန်လိုအပ်ကြောင်း ခေါင်းဆောင်ကင်က ပြောသည်။

ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေကိုကာကွယ်ရန် ရုရှား၏ရပ်တည်ချက်ကို ထောက်ခံကြောင်း ခေါင်းဆောင်ကင်က အတည်ပြုပြောကြားသည်။

ထို့ပြင် ဘက်စုံမဟာဗျူဟာ မိတ်ဖက်သဘောတူစာချုပ်ကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးကို နယ်ပယ်အသီးသီးတွင် ခိုင်မာစေရန် အဆင်သင့်ရှိကြောင်းလည်း ခေါင်းဆောင်ကင်က ပြောကြားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံနှင့်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌ ပြောကြား



**တီဟီရန် နိုဝင်ဘာ ၃၀**

အီရန်နိုင်ငံသည် တရုတ်နိုင်ငံနှင့်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဘာကွာ ကာလီဘက်ဖ်က ပြောကြားသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဘာကွာ ကာလီဘက်ဖ်က နိုဝင်ဘာ ၂၇ ရက်တွင် မြို့တော်တီဟီရန်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုကို ဆက်လက် ထိန်းသိမ်းသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် နယ်ပယ်များတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဘာကွာ ကာလီဘက်ဖ်က အလေးပေးပြောကြားသည်။

BRICS နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ကဲ့သို့ နိုင်ငံပေါင်းစုံမှ ယန္တရားများသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ရန် အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးလျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဟွန်ဒိုင်းကားကုမ္ပဏီက နောက်ကြည့်ကင်မရာ ချို့ယွင်းမှုကြောင့် ကားအစီးရေ ၂၂၆၀၀၀ ကျော်ကို ပြန်လည်သိမ်းဆည်းမည်

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန် မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် ဟွန်ဒိုင်း (Hyundai) သည် ၎င်းထုတ်လုပ်ထားသည့် မော်တော်ယာဉ်များ၏ နောက်ကြည့်ကင်မရာ ချို့ယွင်းမှုကြောင့် ကားအစီးရေ ၂၂၆၀၀၀ ကျော်ကို ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း သိရသည်။

**Santa Fe နှင့် Elantra အမျိုးအစားများပါဝင်**

အဆိုပါ ပြန်လည်သိမ်းဆည်းမည့် မော်တော်ယာဉ်အမျိုးအစားများတွင် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်ထုတ် Santa Fe နှင့် Elantra အမျိုးအစားများပါဝင်ကြောင်း အမေရိကန်အဝေးပြေး ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအဖွဲ့က ပြောကြားသည်။

၎င်းယာဉ်အမျိုးအစားများတွင် တပ်ဆင်ထားသည့် နောက်ကြည့်ကင်မရာများသည် မော်တော်ယာဉ်နောက်ပြန်မောင်းလာစဉ် အနောက်ဘက်သို့ တိကျသေချာစွာ မြင်နိုင်ခြင်းမရှိသည့်အတွက် အနီးဝန်းကျင်ရှိ အရာများနှင့် တိုက်မိနိုင်ကြောင်း ကုမ္ပဏီ၏မော်တော်ယာဉ်ပြန်လည်သိမ်းဆည်းရေး ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် မော်တော်ယာဉ် ဆားကစ်ဘုတ်ပေါ်ရှိ ဂဟေဆက်ရာများသည် အချိန်ကြာလာသည်နှင့်အမျှ ပျက်စီးလာပြီး နောက်ကြည့်ကင်မရာ၏ လုပ်ဆောင်မှုကို ထိခိုက်စေနိုင်ကြောင်းလည်း ဟွန်ဒိုင်း (Hyundai) ကုမ္ပဏီက ပြောကြားသည်။

ကင်မရာများကို ကုန်ကျစရိတ်မရှိဘဲ အစားထိုးလဲလှယ်ပေးမည်ဖြစ်ကြောင်းနှင့် လာမည့်ဇန်နဝါရီ ၁၉ ရက်မှစ၍ ကားပိုင်ရှင်များထံ စာဖြင့် အကြောင်းကြားမည်ဖြစ်ကြောင်း မော်တော်ယာဉ်အရောင်းကိုယ်စားလှယ်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**




# အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေး ဆက်လက်ဆင်နွှဲလျက်ရှိ

**ဂါဇာစီးတီး နိုဝင်ဘာ ၃၀**

လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိသော်လည်း အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေး ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ဂါဇာမြောက်ပိုင်းတွင် မြေပြင်စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အစ္စရေးတပ်မတော်က နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် ဟားမတ်စ်အဖွဲ့ကို အမြစ်ပြတ်ချေမှုန်းရန် တိုက်ခိုက်မှုများကို အရှိန်မြှင့်လျက်ရှိသည်။



နိုဝင်ဘာ ၂၈ ရက်တွင် ဂါဇာအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၂၅ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ပါလက်စတိုင်းမီဒီယာများက သတင်းဖော်ပြသည်။

ပြီးခဲ့သည့် အောက်တိုဘာလမှစတင်ပြီး လက်ရှိအချိန်အထိ သေဆုံးသူဦးရေသည် ၄၄၃၃၀ အထိ ရှိလာကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်ကို ပြန်လည်သိမ်းပိုက်ရန် သမိုင်းဝင်အခွင့်အရေးတစ်ခုရှိကြောင်း အစ္စရေး၏ အမျိုးသားလုံခြုံရေးဝန်ကြီး အီတာမာဘန်ဂါက ပြောကြားသည်။

လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးသည် နိုဝင်ဘာ ၂၇ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ သို့သော် အစ္စရေးတပ်ဖွဲ့ဝင်များသည် လက်ဘနွန်တောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများ၏ လှုပ်ရှားမှုများကို တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဆိုင်ရာ ချိုးဖောက်မှုမှန်သမျှကို လက်တုံ့ပြန်ရန် ၎င်းတပ်ဖွဲ့သည် လက်ဘနွန်နိုင်ငံ၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အကြိမ်ကြိမ် ချိုးဖောက်ခဲ့ကြောင်း လက်ဘနွန်အစိုးရက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သော သုံးနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၃၁၇ ခု အကောင်အထည်ဖော်ဆောင်ခဲ့

**ကဘူး နိုဝင်ဘာ ၃၀**

အာဖဂန် အိမ်စောင့်အစိုးရသည် လွန်ခဲ့သည့် သုံးနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၃၁၇ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးဆိုင်ရာ ယာယီလက်ထောက်ဝန်ကြီးချုပ်ရုံး၏ အစီရင်ခံချက်အရ သိရသည်။

**အခွင့်အလမ်းများဖန်တီးပေး**

အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိသည့် အဆိုပါ စီမံကိန်းများသည် ပြည်တွင်းထုတ်ကုန်ထုတ်လုပ်မှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိကာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်သည်။ ပြည်သူ ထောင်ပေါင်းများစွာကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် အစိုးရက ၎င်း၏ပြည်တွင်းဘတ်ဂျက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၇၁၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၅၉၉၅၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၄၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်စာတိုက် EMS (အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းစု)၌ ဩစတေးလျနိုင်ငံမှ တင်သွင်းလာသော ချောထုပ်တစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ )ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၃၈၃၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် မိုးကောင်း တံတားထိပ်၌ ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်သုံးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၂၀၇ ဂါလန်၊ ဒီဇယ် ၁၁၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးနှင့် ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈) ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၀၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိ သည့်စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် ရွာမသံမဏိစက်ရုံဝင်းဘေး Mother ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်ထား သော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၄၇၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၂၉၀၅၀၀)ကို သိမ်းဆည်းရမိသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တိုက်ကြီးမြို့နယ်၌ လူနှင့်တောဆင်အကြား ပဋိပက္ခလျှော့နည်းစွာနေထိုင်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

တိုက်ကြီး နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူနှင့် တောဆင် အကြား ပဋိပက္ခလျှော့နည်းစွာနေထိုင်နိုင်ရေး အသိပညာပေးခြင်းနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ သစ်တောဦးစီးဌာန ဦးစီး အရာရှိ ဦးသန့်စင်ကျော်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ မျှော်မှန်းချက်နှင့် ဆင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်း ပြောကြားပြီး Grow Back for Posterity (GBP) အဖွဲ့မှ ဦးစည်သူက HEC Mitigation Methods များအကြောင်း၊ Friends of Wildlife(FOW)



အဖွဲ့မှ ဒေါ်ခိုင်ခိုင်ဆွေက ဒေသခံအခြေပြု တောဆင်ထိန်းသိမ်းရေး အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ဦး

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၂-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ ခေမသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည် ဒိုင်မာတိုးတက်စေရမည် (Video Clip)
- ၀၉:၁၅ (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု နှင့်စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ 'စီးပွားရေးပညာနှစ်တစ်ရာ' ဂုဏ်ပြုတေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှု အစီအစဉ်
- ၁၅:၂၅ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၆:၄၅ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ) (ပထမပိုင်း)
- ၁၈:၃၀ မြစ်ကျဉ်းသုံးသွယ် အသွင်သစ်(မြို့) (အပိုင်း-၆)
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၂)
- ၁၉:၄၀ နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့် မြှင့်တင်မည် (Video Clip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'လက်တွေ့ဘဝထဲကတစ်ခါကဒီဂ်ျဗက်များ' 'ဒါရိုက်တာအကယ်ဒမီဩရသ' (အပိုင်း-၃)
- ၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'ငါ့သူတစ်ပါးယောကျ်ားမိန်းမ' (ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်)

**mitv**

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:08 Weekly Review
- 07:25 Thahtay Kyun Island
- 07:38 Myanmar Designer Studio: Thwin Su Htwe
- 08:01 News
- 08:26 Mt. Naw Bu Baw
- 08:36 The Lapidarist
- 08:51 Tourism Devlepoment in Myanmar
- 09:01 Quiz Time (Ep-52)
- 10:01 News
- 10:26 Children's Delight: National Library for Children (I'm an Elephant)
- 10:37 Topical Topics: Yogurt
- 10:42 The Recycle Art: Tyre
- 11:01 The Bamboo Hat

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၁)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ထီလာပုဂံ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** ရင်သားကင်ဆာအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (ရှိကျေးရွာကအေးစက်ကြည်လန်းတောင်ကျစမ်း)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)** မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ပိုက်ဆံပ်ရွာသို့အလည်တစ်ခေါက်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** မောက်မယ်မြို့လေးတစ်နေရာက ပန်းတမော့လက်မှုပညာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း -၁၉)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၁၅ News Desk
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၇:၄၅ Football Highlights
- ၁၈:၁၅ Next Level
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၈)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့ စနစ်ကျလယ်မြေဖော်ထုတ်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ City of the Future Singapore
- ၁၈:၅၀ UNLOCK GOAT'S POTENTIAL PROSPERITY THROUGH BWOGI'S MASTERY
- ၁၉:၄၅ International Music Hit
- ၂၀:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
- ၂၂:၀၀ The Batman (EP 2)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၁:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး နှစ်ပါး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကယားပြည်နယ် လွိုင်လင်လေးမြို့နယ် ထီးစဲခါးကျေးရွာရှိ ထီးစဲခါးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသအမှူးပြုသော သံဃာတော် ငါးပါးသည် ယနေ့နံနက် ၈ နာရီ ခန့်တွင် ကျောင်းတိုက်၌ စေတီတော်အသစ်တည်ထားကိုးကွယ်ရန် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရန်အတွက် မန္တလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လွိုင်ကော်-ဆီဆိုင်သွားကားလမ်း အောင်ကလပ်ကျေးရွာအနီးသို့ အရောက်၌ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သံဃာတော်များဖြစ်ကြသည့် ဦးပီညောဘာသ၊ ဦးစန္ဒိမာနှင့် ဦးပဏ္ဍိတတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဦးစန္ဒိမာသည် ရရှိခဲ့သည့် ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

ထိုသို့ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ အမြန်ဆုံးသွားရောက်ပူးပေါင်းခဲ့ရာ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရသည့်ဆရာတော်ဦးစန္ဒိမာ၏ရုပ်ကလာပ်တော်အား လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်၏ ရုပ်ကလာပ်တော်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဖူးမြော်ခဲ့ကြပြီး အန္တိမဈာပနပူဇော ပြုလုပ်ရန်အတွက် တာဝန်ရှိသူများထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြသည့် သံဃာတော် နှစ်ပါးကိုလည်း တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပင့်ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ နဝကမ္မဝတ္ထုငွေ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ထီးစဲခါးရေတံခွန်ကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးဆိုင်ရာများလျှောက်ထားပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။ ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုများနှင့် မသင်္ကာဖွယ်လှုပ်ရှားမှုများ တွေ့ရှိရပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သိရသည်။ **သတင်းစဉ်**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒဏ်ရာရရှိခဲ့သော ဆရာတော် ဦးပီညောဘာသနှင့် ဦးပဏ္ဍိတတို့အား ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားစဉ်။



KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သံဃာတော်များ လိုက်ပါလာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

## မကွေးတိုင်းဒေသကြီး မကွေးမြို့၌ "ချိုချို"စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်ရှိ "ချိုချို" စိန်ရွှေရတနာဆိုင်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ဆိုင်အတွင်းရှိ မှန်ကောင်တာအား တူဖြင့်ထုခွဲကာ ဆွဲသီးပါရွှေဆွဲကြိုးအကုံး ၂၀၊ ရွှေကလစ် ၁၅ ခု၊ (ရွှေအလေးချိန် ၁၃ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၄ သိန်းခန့်)ကို လုယက်ယူဆောင်သွားခဲ့ပြီး သေနတ်ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဦး(၅၉)နှစ်နှင့် ဆိုင်အပြင် လမ်းမပေါ်တွင် ရှိနေသည့် ဦးအောင်မျိုးမြင့်ပိုင်(၂၇)နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးမြို့မ ရဲစခန်း(ပ)၁၂၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

အမှုမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း၊ ပတ်ကင်းများဖြင့် စုံစမ်းရှာဖွေခြင်း၊ မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များမှ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ "ချိုချို" စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်း(၄၉)နှစ် (ဘ)ဦးမြသောင်း၊ အောင်မြေသိမ်ကုန်းရပ်ကွက် မင်းဘူးမြို့နယ်နေသူအား ယင်းနေ့ည ၇ နာရီခွဲတွင် မကွေးမြို့နယ် ယင်းဆိပ်စစ်ဆေးရေးဂိတ်၌ ၎င်းစီးနင်းလာသည့် NewAnbo 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ အောင်မင်းသူ(ခ) မိုးသန်း(၃၄)နှစ် (ဘ)ဦးခင်မောင်ဦး၊ ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့နှစ်ဦးသည် "ချိုချို"စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ခဲ့ပြီး လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများအား ရှားပင်လှကျေးရွာအနီးရှိ လျှိုတစ်ခုအတွင်း၌ ဝှက်ထားခဲ့ကြောင်း သိရှိရသဖြင့် နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေရာတွင် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ ရွှေဆွဲကြိုး ၁၈ ကုံး၊ ရွှေကလစ် ငါးခုနှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၁ တောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ အောင်မင်းသူ (ခ)မိုးသန်းအား နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်ဘုရားပေါ်ရှိ ကျားပျံဓမ္မာရုံ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ထပ်မံစစ်ဆေးချက်အရ လုယက်မှုကျူးလွန်စဉ် ပစ်ခတ်သုံးစွဲခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ်နှင့် ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၄ တောင့်အား တရားခံ အောင်ဇော်ထွန်းက လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၂၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ "ချိုချို"စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရန် ၎င်းတို့နှစ်ဦးသည် လုယက်မှုမကျူးလွန်မီ နှစ်ရက်ခန့်ကြိုတင်၍ စိန်ရွှေရတနာဆိုင်၏ ရောင်းချနေမှုအခြေအနေနှင့် လူဝင်၊ လူထွက်အခြေအနေများကို စောင့်ကြည့်ခဲ့ကာ လုယက်မှုကျူးလွန်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏လှုပ်ရှားသွားလာမှုများကို သိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး မကွေးမြို့၌ "ချိုချို"စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။
(ဝဲမှယာ)တရားခံအောင်ဇော်ထွန်းနှင့်တရားခံအောင်မင်းသူ(ခ)မိုးသန်း

# ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ရိုးရာကောက်သစ်စားပွဲတော်(ကျေးဇူးတော်ချီးမွမ်းပွဲ) ကျင်းပ



မြစ်ကြီးနား နိုဝင်ဘာ ၃၀

ကချင်ပြည်နယ်အတွင်း ဆန်စပါးရိတ်သိမ်းပြီးချိန်တွင် တစ်နှစ်တာအတွင်း တောင်သူတို့၏ လယ်ယာမှဦးစွာရရှိသော ကောက်ဦးစပါးပေါ်ချိန် အင်လုံအင်နန်ရှားပွဲဟုခေါ်ဆိုသည့် ရိုးရာကောက်သစ်စားပွဲတော် (ကျေးဇူးတော်ချီးမွမ်းပွဲတော်)ကို နှစ်စဉ်ကျင်းပလေ့ရှိရာ ၂၀၂၄ ခုနှစ် ရိုးရာကောက်သစ်စားပွဲတော် (ကျေးဇူးတော်ချီးမွမ်းပွဲ)အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတောင်သူများစုပေါင်းကာ ယနေ့နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ဦးစွာ ရိုးရာကောက်သစ်စားပွဲတော်ကို ဖိုင်းဝါးဝန်ပေါင်ဘင်ခရာအဖွဲ့က ညှော့ကြိုတီးလုံး၊ ရိုးရာအကတို့ဖြင့် တီးမှုတ်ဖျော်ဖြေခြင်းနှင့်အတူ ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ဒေသတွင်းအဦးအဖျားရရှိသည့် ကောက်ဦးစပါး၊ လယ်ယာခြံထွက်သီးနှံများပါဝင်သည့် ကောက်ဦးပလိုင်းများ သယ်ဆောင်လာပြီး သိက္ခာတော်ရဆရာတော်များက ကောက်ဦးပလိုင်းများနှင့်ပွဲတော်အစပြုရန်အတွက် ဆုတောင်းဆက်ကပ်အပ်နှံပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သိက္ခာတော်ရဆရာတော်များနှင့် ကက်သလစ်အသင်းတော်နှင့် အင်္ဂလီကန်ဘုန်းတော်ကြီးများ၊ ပွဲတော်တက်ရောက်လာကြသူများက ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်အတွက် အဖွင့်ကျမ်းစာဖတ်ကြားခြင်းနှင့် ဆုတောင်းဆက်ကပ်အပ်နှံခြင်း၊ သံစုံဓမ္မသီချင်းသီဆိုကျူးခြေင်း၊ ဂုဏ်တော်သီချင်းများ သီဆိုဆက်ကပ်ခြင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက လယ်ယာခြံထွက်သီးနှံတစ်ခုချင်းတို့အတွက် ကောက်ပဲသီးနှံချီးမွမ်းတေးကဗျာရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဆုတောင်းဆက်ကပ်ပေးခြင်း ဓမ္မဒေသနာတော်ဟောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ကောက်ဦးပလိုင်းနှင့် အလှူငွေများကို တက်ရောက်လာသော ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များထံ လှူဒါန်းပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ကောက်ဦးပလိုင်းလက်ဆောင်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကောက်ဦးပလိုင်းလက်ဆောင်များကို ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များထံ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများထံသို့လည်းကောင်း တစ်ဦးချင်း ပေးအပ်သည်။

ထို့နောက် ကောက်သစ်စားပွဲတော် အစားအသောက်များအတွက် ဆုတောင်းဆက်ကပ်ခြင်းနှင့် ပွဲတော်အတွက် ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးကြပြီး ကချင်တိုင်းရင်းသားတို့၏ ကောက်သစ်စား ရိုးရာတေးသီချင်းသရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြကာ တစ်နှစ်တာအတွင်း တောင်သူများ၏လယ်ယာမြေမှ ဦးစွာရရှိသည့် ဆန်(ကောက်သစ်)ကို နေ့လယ်စာအဖြစ် အတူတကွ ပျော်ရွှင်စွာသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း သိမ်းဆည်းရမိ



ဖြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိဘိန်းဖြူ၂၆ ဒသမ ၃၅ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဂူ-နောင်ဝိုးသွားကားလမ်းတွင် ရာဇာဌေးမောင်းနှင်ပြီး ဇော်မျိုးထွေး လိုက်ပါလာသည့် AD Van ယာဉ်နှင့် ရဲမင်းသူမောင်းနှင်လာသည့် AD Van ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် ဘိန်းဖြူပါဆပ်ပြာခွက် ၂၆၃၅ ခွက်ဖြင့်ထည့်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိဘိန်းဖြူ၂၆ ဒသမ ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ်သိန်း ၁၉၀ တို့ကို သိမ်းဆည်းရမိသည်။ စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်ကျော်ဦး၊ ဝင်းဖြိုးအောင်၊ ဇင်ဖြိုးအောင်နှင့် မန္တယ်နီလွင်တို့လေးဦးကို နိုဝင်ဘာ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်(စ)ရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၀၉၅ | ၃၀၇၀ | ၃၀၂၅ | ၃၁၀၀ | ၃၁၁၀ | ၃၁၂၅ | ၃၀၇၅ | ၄၅၀၅ | ၃၂၃၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၃၅ | ၃၁၂၀ | ၃၁၃၅ | ၃၅၄၀ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၅ | ၃၂၄၀ | ၃၁၉၀ | ၃၂၆၅ | ၃၂၇၅ | ၃၂၉၀ | ၃၂၄၅ | ၄၅၆၀ | ၃၄၀၀ | ၃၂၅၀ | ၃၂၇၀ | ၃၃၀၀ | ၃၂၉၀ | ၃၃၀၀ | ၃၇၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | - | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | ၄၈၃၀ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | - | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၄၉ |
| 95 Ron | ၃၀၂၀ | ၃၁၁၄ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၂၅ | ၃၂၁၇ |
| HSD (10 ppm) | ၃၁၂၅ | ၃၂၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “minmyat 612” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မဟာအောင်မြေရပ်ကွက်နေ မင်းမြတ်စိုးကို မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Nay Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဘုရားကုန်းကျေးရွာနေ နေဝင်းလှိုင်(ခ)နေဝင်းကို ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်
# စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ



**ကျိုင်းတုံ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင် အသင်းအဖွဲ့များ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ ခေမရဋ္ဌရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

စိုက်ပျိုး၊ မွေးမြူရေးမှ ထွက်ရှိလာသော ကုန်ကြမ်းကိုအရင်းတည်၍ MSME နှင့်ပတ်သက်သည့်လုပ်ငန်းဖြစ်သော တစ်ပိုင်တစ်နိုင်အိမ်တွင်းမှုလုပ်ငန်းများ ဈေးကွက်ကောင်းရရှိရန် လိုအပ်ကြောင်း၊ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများလည်း စီးပွားရေးအဆင်ပြေပြီး ဝင်ငွေရရှိမှုတိုးတက်လာမည်ဖြစ်၍ တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုမှတစ်ဆင့် တိုးတက်လာမည်ဖြစ်ကာ နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသော စိုက်ပျိုးရေးအစုအဖွဲ့များဖြစ်သည့် ကော်ဖီလုပ်ငန်းရှင်များ၊ လက်ဖက်စိုက်ပျိုးလုပ်ငန်းရှင်များက စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေနှင့် လိုအပ်ချက်များ၊ မွေးမြူရေးလုပ်ငန်းရှင်များက နွားနောက်မွေးမြူထားရှိမှုနှင့် စားကျက်မြေလိုအပ်ချက်များ၊ တောင်ပေါ်သားသမဝါယမအသင်းက မျိုးစေ့ထုတ်လုပ်ဆောင်ရွက်ထားရှိမှုအခြေအနေများ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ် လွယ်လုံရွာတွင် ဦးတင်ဦး မွေးမြူထားသော ဥစားကြက်မွေးမြူရေးခြံ၊ ယိုးဒယားဆလားဗီးယားငါးကန်နှင့် ကြက်အစာစပ်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ( ၅၄)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၅၄)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ "သီးထပ်သီးနှံစိုက်ပျိုးနည်းစနစ်များနှင့် သုတေသနရလဒ်များ" ခေါင်းစဉ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သက်ဆိုင်ရာဌာနများအနေဖြင့် တောင်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ကာ လုပ်ကွက်ငယ်တောင်သူများအတွက် အကျိုးအမြတ်များပိုမိုရရှိနိုင်စေမည့် တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီအားပေးရန်လိုကြောင်း၊ မိမိတို့၏ စိုက်ပျိုးသူတောင်သူများအနေဖြင့် ဈေးကွက်အခြေပြု စိုက်ပျိုးနည်းစနစ်နှင့် သီးနှံမျိုးစုံစိုက်စနစ်မျှခြေရှိမှသာ ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း။

ပညာရှင်များအနေဖြင့် တောင်သူများ၏ တိုင်းရင်းရိုးရာစိုက်ပျိုးနည်းပညာဗဟုသုတများကို မှတ်တမ်းတင်ထားစေလိုကြောင်း၊ တောင်သူများအနေဖြင့်လည်း ရာသီဥတုနှင့်ပတ်သက်၍ မှတ်တမ်းထားနိုင်ရေးအတွက် သက်ဆိုင်ရာဒေသဝန်ထမ်းများက အကူအညီပေးကြစေလိုကြောင်း၊ မိုးရွာသည့်ရက်နှင့် ပမာဏအနည်းအများ၏ မှတ်တမ်းများနှင့် ပြက္ခဒိန်မှတ်တမ်းများကို နှစ်အလိုက်မှတ်တမ်းထားရှိစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဦးကျော်မြင့်က "သီးထပ်သီးနှံစိုက်ပျိုးနည်းစနစ်များနှင့် သုတေသနရလဒ်များ" ခေါင်းစဉ်ဖြင့် သီးနှံပုံစံစိုက်ပျိုးမှုစနစ်များ တစ်သီး၊ နှစ်သီးမှ သုံးသီးကို သီးလှည့်၊ သီးထပ်၊ သီးညှပ်၊ သီးရောနှင့် သီးနှံစုံအကန့်လိုက်စိုက်ပျိုးမှုစနစ်များကို တင်ပြဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များနှင့် ပုဗ္ဗသီရိမြို့နယ်မှ တောင်သူ ၄၀ တို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများက Zoom Point ၄၀ မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့၌ ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်၊ ကောက်စိုက်စက်နှင့် အစေ့ချကိရိယာများပေးအပ်

**ပေါင်းတည် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်းနှင့် သီးထပ်သီးနှံစိုက်ဧကများအား တိုးတက်ရရှိအောင်ဆောင်ရွက်နိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် တောင်သူများအား ကောက်စိုက်စက်၊ အစေ့ချကိရိယာပေးအပ်ပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်သူများနှင့် သီးထပ်စွမ်းအား သီးနှံစိုက်စွမ်းအား ပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လက်ဆွဲကောက်စိုက်စက်များနှင့် အစေ့ချကိရိယာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**



# ဗိုလ်တထောင်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။





အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂) ဦးဝင်းလှိုင်က လူငယ်နှင့် အားကစားဆိုင်ရာဗဟုသုတ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က လူငယ်နှင့် ဗလငါးတန် သိမှတ်ဖွယ်ရာ၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဟေမာဇော်က လူငယ်နှင့် ကျန်းမာရေး သိကောင်းစရာ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဌေးက လူငယ်နှင့် အားကစားနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမ ဒေါ်မြတ်ဆုမွန်မြင့်က လူငယ်နှင့် ပညာရေး စသည့် ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# လယ်ယာမြေဧက ၂၀၀ ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် ပြောင်းလဲရန်ဆောင်ရွက်နေ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်း အရည်အသွေးကောင်းမွန်သော စံပြကွက်များဖြစ်စေရေးအတွက် လယ်ယာမြေများအား စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧကများ အဖြစ် ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လယ်ယာမြေဧက ၂၀၀ ကို ထပ်မံ၍ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများအဖြစ် ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

"ထန်းတပင်မြို့နယ်မှာ စနစ်ကျလယ်ယာမြေအဖြစ် ရေပေါ်သောင်ကျေးရွာမှာ ၃၈၁ ဧကကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါပြီ။ လက်ရှိမိုးစပါးစိုက်ဧက ၃၅၆ ဧကနဲ့ ရေဖြူကျေးရွာမှာ ဧက ၁၅၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးတော့ လက်ရှိမိုးစပါးစိုက်ဧက ၁၄၁ ဧကကို စိုက်ပျိုးထားရှိပါတယ်။ နောက်ထပ်လည်း ရေတွင်းကုန်းကျေးရွာမှာ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၂၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ခွင့်ရရှိဖို့ တင်ပြထားပါတယ်"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

ထန်းတပင်မြို့နယ် အတွင်း စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပထမအကြိမ်အဖြစ် ရေပေါ်သောင်ကျေးရွာတွင် ဧကပေါင်း ၃၈၁ ဧကကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒုတိယမြောက်အဖြစ် ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ ဆရာမများ အရည်အသွေးမြှင့် ဆွေးနွေးပွဲတက်ရောက်

မြိတ် နိုဝင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအဆင့် Grade 10၊ 11၊ 12 (သင်ရိုးသစ်) သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ရူပဗေဒနှင့်ဇီဝဗေဒ ဘာသာရပ်သင်ဆရာ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



အဆိုပါဆွေးနွေးပွဲကို ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သင် ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရန်နှင့် သင်ကြားမှုအရည်အသွေးမြှင့်မားလာစေရန် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဘာသာရပ်အလိုက် နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်အထိ သင်တန်းကာလနှစ်ရက်စီ ဆွေးနွေးသွားမည်ဖြစ်ကာ ဘာသာရပ်အလိုက် ဆရာ ဆရာမ ၂၅၉ ဦး တက်ရောက်ခဲ့ကြသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနတွင် သုတေသနပြုလုပ် အောင်မြင်ထားရှိသည့် စားကမာမွေးမြူရေး၊ ပင်လယ်ရေမှော်မွေးမြူရေး၊ အစာမျှောလေ့မွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သုတေသနပြုလုပ်ရန် လိုအပ်သည့် ရေငုပ်ပစ္စည်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ဒီရေတောဇီဝမျိုးဥယျာဉ်တွင် ရှားပါးမျိုးစိတ် ၁၅ မျိုး ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနအနေဖြင့် စားကမာမွေးမြူရေးကို ကမာသားပေါက် ထုတ်နိုင်သည်အထိ သုတေသနနှစ်နှစ်ဆောင်ရွက်ထားရှိပြီးဖြစ်ကာ ပင်လယ်ရေမှော်မွေးမြူရေးအနေဖြင့်လည်း ပင်လယ်တွင် ရာသီမရွေးစိုက်ပျိုးနိုင်သည့် ရေမှော်များကို သုတေသနပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ထို့အတူ တက္ကသိုလ်အတွင်း ဒီရေတောဇီဝပျိုးဥယျာဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ ဈေးများအဆင့်မြှင့်တင်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အောင်ချမ်းသာဈေး အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးရုံအဆောက်အအုံများအားသတ်မှတ်အရည်အသွေးများနှင့်အညီ ရေရှည်ကြံ့ခိုင်မှုရှိအောင် တည်ဆောက်သွားရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရေးနှင့် တည်ဆောက်ပြီးစီးခဲ့သည့်ဈေးဆိုင်ခန်းများအား ယခင်မူလဈေးရောင်းချသူများထံ စနစ်တကျပြန်လည်ခွဲဝေ နေချထားသွားရေးတို့အားမှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဘုရားကြီးရပ်ကွက်ရှိ သီရိရတနာဈေးသို့ ရောက်ရှိရာ မုံရွာမြို့နယ် အမှုဆောင်အရာရှိက သီရိရတနာဈေးအတွင်း ဈေးဆိုင်ခန်းများရောင်းချနေမှု အခြေအနေများနှင့် ကာလကြာမြင့်နေပြီဖြစ်သည့် ဈေးရုံအဆောက်အအုံများနှင့် ဈေးဆိုင်ခန်းများ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ပေးခဲ့**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သီရိရတနာဈေးကြီးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ဈေးကြီးအတွင်းရှိ ဈေးရုံအဆောက်အအုံများနှင့် ဈေးဆိုင်ခန်းများပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဈေးသစ်ကြီး ပြန်လည်တည်ဆောက်နိုင်ရေး အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ ကြက်ဥများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် လမ်းမတော်မြို့နယ်အတွင်းရှိရပ်ကွက်များ၌ ယနေ့နံနက်ပိုင်းက ကြက်ဥများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၉)ရပ်ကွက်တို့တွင် စုစုပေါင်း ကြက်ဥအလုံးရေ ၁၁၀၀၀ အား မြို့နယ်စည်ပင်သာယာရေးဌာနက ရောင်းချပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများက လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**ကျော်ဆန်းမြင့်**



နေရောင်အောက်က
သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နှစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ဝတ္ထုတို

## ✻ မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

သူ့ကို တွေ့လိုက်ရချိန်တွင် ကျွန်တော် ဦးနှောက်မှာ မသေချာမရေရာမှုများနှင့် အတူ မေးခွန်းမျိုးစုံက ရောထွေးလာသည်။ ကျွန်တော့် နှလုံးသားက သူဟု သေချာသိနေသော်လည်း ဦးနှောက်က ဆုံးဖြတ်ချက်ချရန် ခက်ခဲနေခဲ့သည်။ သူ၏ အမူအရာ၊ ဝတ်စားဆင်ယင်မှုနှင့် အပြောအဆိုများက ယခင်နှင့်မတူတော့ပေ။ ဒါဟာ သူ၏ပြောင်းလဲမှု၊ သူ၏ အရွေ့တစ်ခုပင် ဖြစ်လိမ့်မည်။ သို့တည်းမဟုတ် သူကျင်လည်ခဲ့ရသည့် ပတ်ဝန်းကျင်ကြောင့် သူ့ဘဝ အရောင်ပြောင်းသွားခြင်း ဖြစ်လိမ့်မည်ဟု ကျွန်တော်တွေးလိုက် မိပါသည်။

“ဆရာ ပန်းချီပြပွဲ စတော့မယ်”

“အေး ဈာန်လေး”

တပည့်ဖြစ်သူ စကားကြောင့် ကျွန်တော့်အတွေးစများ ရပ်သွားသည်။

“ဒါနဲ့ ဈာန်လေး၊ ဟို ခရမ်းရောင်နဲ့ မိန်းကလေးကို သိလား”

“သြော် ရွှေရည်ဝင်းလား၊ သိတာပေါ့ ဆရာ၊ နာမည်ကြီး”

“ ဘာနာမည် ကြီးတာလဲ”

“ဒီလိုလေ ဆရာ”

တပည့်ဖြစ်သူ စကားအဆုံးတွင် ပန်းချီပြပွဲခန်းမဆီသို့ ကျွန်တော် လှမ်းထွက်လာခဲ့သည်။

(၂)

“ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက် ယူကြဦးမလား”

ကျွန်တော် အိမ်ရှေ့ထွက်ထိုင်လိုက်စဉ်မှာပင် သူ့အသံက ထွက်ပေါ်လာသည်။

“ဦးလေးကြည်လင် ကန်စွန်းရွက် ယူဦးမှာလား”

“ယူရမှာပေါ့၊ မယူရင်လည်း ညည်းလေးက အတင်းထိုးရောင်းမှာ မဟုတ်လား”

“ဟီး ဟီး အမှန်ပဲ ဦးလေးကြည်လင်”

သို့နှင့် ကျွန်တော် ကန်စွန်းရွက်လေးစီးကို ဝယ်ယူလိုက်သည်။

“ဦးလေးကြည်လင် အလုပ်မသွားရဘူးလား”

“အလုပ်ပိတ်ရက် နားတယ်လေ”

“ဝါကျွတ်ပြီလေ၊ မိန်းမ မယူသေးဘူးလား ဦးလေးကြည်လင်”

“ညည်းကလည်း စပ်စုလိုက်တာ၊ ကဲသွားတော့ နေမြင့်ပြီ ရောင်းမကုန်ဘဲနေမယ်”

ကျွန်တော် အသံမာမာနှင့်ပြောလိုက်သည့်အခါမှာ ကန်စွန်းရွက်ဇန်းကို ရွက်ကာ ထွက်သွားလေတော့၏။ သူ့နာမည်က ရွှေရည်ဝင်း။ နာမည်ကပဲ လူကို စီးသလား၊ လူကပဲ နာမည်ကိုစီးသလား မပြောတတ်ပေ။ သူပြောခဲ့သည့် စကားများကို ကျွန်တော်တွေးကြည့်နေမိခဲ့သည်။

“ညည်းနာမည်က ရွှေရည်ဝင်း၊ လူကတော့ ရွှေနဲ့တူတဲ့ အသားအရောင်ဘယ်နေရာမှ မရှိပါလား”

“အမယ်လေး၊ ရှိပါတယ် ဦးလေးကြည်လင်ရယ်၊ ဒီမှာကြည့်”

အဝါရောင် ချေးများကပ်နေသည့် သွားများကို ကြည့်လျက် ကျွန်တော် ပြုံးမိလိုက်သည်။

“အမေက ပြောတယ်လေ၊ ရွှေရည်ဝင်းဆိုတာ အဖေပေးတဲ့နာမည်တဲ့၊ နာမည်က လူကိုစီးလို့ အခုလိုဘဝမျိုး ရောက်တာတဲ့”

သူပြောခဲ့သည့် စကားများကို သတိရသည့်အခါ ကျွန်တော်မပြုံးဘဲ မနေနိုင်ခဲ့ပါ။ သူက အမေတစ်ခု သမီးတစ်ခု၊ သူ့အဖေက လွန်ခဲ့သည့် သုံးနှစ်ခန့်က ဆုံးပါးသွားခဲ့သည်။ မိခင်နှင့်အတူ ရာသီအလိုက် ကြုံရာလုပ်ကာ ဝမ်းရေးကို ဖြေရှင်းနေကြရသည်။ သူလုပ်သည့် အလုပ်ဟူသမျှ ကျွန်တော့်ဆီ လာရောက်ပြောပြလေ့ရှိပါသည်။

(၃)

“ ဦးလေးကြည်လင်က စာလည်းသင်တယ်၊ စာလည်းရေးတယ်၊ ပန်းချီလည်း ဆွဲတတ်တယ်ဆို”

“အေး.....ဟုတ်တယ်လေ”

“သမီးလည်း ကျောင်းပြန်နေချင်တာ၊ ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူး”

“ဘာလို့ မဖြစ်နိုင်ရတာလဲ၊ စာအုပ်၊ ခဲတံ အခမဲ့ပေးတာလေ၊ ညည်း ကျောင်းတက်မယ်ဆို လွယ်အိတ်တွေ၊ ထီးတွေ ငါ ဝယ်ပေးမှာပေါ့”

“ ဒါပေမယ့် ဦးလေးကြည်လင်”

ရှေ့ဆက်မည့်စကားကို ကျွန်တော် မျှော်လင့်နေမိသော် သူ့ထံမှထွက်ပေါ်မလာခဲ့ပေ။ ရီဝေနေသည့် သူ့မျက်လုံးများကိုသာ ကျွန်တော်တွေ့နေရသည်။ ကျွန်တော်သူ့ကို သေချာကြည့်လိုက်မိသည်။ အသက်အရွယ်အားဖြင့် ဆယ်နှစ်အရွယ်မျှသာ ရှိသေးသော်လည်း လောကဓံ၏ ရိုက်ခတ်မှုကို အရှိန်ပြင်းစွာ ခံနေရသည်။ မျက်လုံးများက အရောင်ခြောက်သွေ့နေသည်။ တစ်ခါတစ်ခါ သူ့မျက်နှာက ပြုံးနေသော်လည်း မပီပြင်လှပေ။

“ဒါပေမယ့် ဘာဖြစ်လဲ၊ ဆက်ပြောပါဦးဗျ”

“သမီးတို့က လက်လှုပ်မှ ပါးစပ်လှုပ်ခွင့်ရတာလေ၊ အမေကလည်း ရင်ကျပ်ရောဂါရှိတယ်၊ အမေ့ဆေးဖိုးလည်း လိုတယ်၊ သမီးတို့သားအမိ ဗိုက်ပြည့်ဖို့လည်း လိုတယ်လေ”

ဘဝပေးအသိကြောင့် စိတ်ထားထက်သန်ဟန်တူပါသည်။ သူ၏စကားပြောပုံများက တစ်ခါတစ်ရံ လူကြီးလေးတစ်ယောက်နှင့်ပင် တူနေပြန်သည်။

“အမေကပြောတယ် ဦးလေးကြည်လင် လူတိုင်းလူတိုင်းမှာ မျှော်လင့်ချက်တွေ ရည်မှန်းချက်တွေရှိရမယ်တဲ့၊ ကံကိုလည်းယုံရမယ်တဲ့၊ လူသေမှ ကံလည်းသေမှာတဲ့လေ”

“ဒါဆို ညည်းက ဘာတွေမျှော်လင့်ချက်ရှိသလဲပြောပါဦး”

“သမီး အများကြီး မမျှော်လင့်ပါဘူး၊ အိုးပိုင်အိမ်ပိုင်လေးနဲ့ အိမ်ရှေ့မှာ ဈေးဆိုင်လေးရှိရင် ရပါပြီ”

သူ့စကားကြောင့် ကျွန်တော် ခေါင်းညိတ်မိသည်။

“ကြိုးစားရင် ဘာမဆိုဖြစ်ပါတယ်၊ ကြိုးစားမှုတွေ မရပ်တန့်လိုက်နဲ့ပေါ့”

“သမီးက ဈေးရောင်းပေမယ့်နေ့တိုင်း ငွေစုတယ်”

“ဟုတ်လား၊ တစ်နေ့ ဘယ်လောက်စုလဲ”

“ငါးထောင်စုတယ်လေ၊ ငါးထောင်စုပြီးရင် ဈေးရင်းကို ဖယ်ထားတယ်၊ ကျန်တာသမီးတို့စားဖို့ပေါ့”

“ညည်းအကြံမဆိုးဘူး”

ကျွန်တော့်စကားကြောင့် သဘောကျစွာ သူရယ်မောခဲ့လေသည်။ ဤသို့နှင့် ကျွန်တော်သည် နေ့စဉ် သူဈေးရောင်းလာတိုင်း တစ်မျိုးမဟုတ် တစ်မျိုးကို ဝယ်ယူအားပေးဖြစ်ခဲ့သည်။

(၄)

ထိုနေ့က နှင်းတွေဆိုင်းနေခဲ့သည်။ မြူတွေကြောင့် ပတ်ဝန်းကျင်ကိုလည်း သေချာမမြင်ရပေ။ ကျွန်တော်သည် အအေးဒဏ်ကို အံတုနိုင်ရန် အနွေးထည်ဂျာကင်ကို ထပ်ဝတ်လိုက်ပါသည်။ စားပွဲပေါ်ရှိ ကော်ဖီခွက်က အငွေ့တထောင်းထောင်းရှိနေသည်။ ကော်ဖီခွက်ကို ကိုင်လျက် အတွေးတချို့က ကျွန်တော့်စိတ်ကို စိုးမိုးလာပြန်သည်။

“ဦးလေး ကြည်လင် ချစ်သူမရှိလို့ မိန်းမ မယူတာလား”

ရွှေရည်ဝင်း၏ အမေးစကားက နားစည်ကို ရိုက်ခတ်နေခဲ့သည်။

“ ညည်းအရွယ်နဲ့ မေးစရာ”

မာဆတ်ပြတ်တောက်သည့် အသံကြောင့် သူ့မျက်နှာ ပျက်သွားသည်ကို ကျွန်တော် သတိထားမိခဲ့သည်။

“သမီးက သိချင်လို့ပါ”

“ဒီမယ် ကလေးမ၊ စိတ်ဝင်စားမှုဆိုတာ အကန့်အသတ်ရှိရတယ်၊ တစ်ဖက်သူရဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းရာကို ဘယ်သောအခါမှ ဝင်မစွက်ဖက်ရဘူး၊ ဒါလူ့ယဉ်ကျေးမှုလို့ ခေါ်တယ်”

“ လူ့ယဉ်ကျေးမှု ဟုတ်လား ဦးလေးကြည်လင်”

“ဟုတ်တယ် ဒါနဲ့နေပါဦး၊ ဒီနေ့ ဘာမှ မရောင်းတာလား၊ ဈေးတောင်းလည်း မပါဘူး”

“ဟုတ်တယ် ဒီနေ့ ဈေးရောင်းနားတယ်၊ ပြီးတော့ သမီးဒီရွာက ပြောင်းတော့မှာ”

“ဘယ်ကိုပြောင်းမှာလဲ”

“သမီး အဘွားရှိတဲ့ရွာကို၊ အဲဒါ ဦးလေးကြည်လင်ကို လာနှုတ်ဆက်တာ”

မျက်ရည်စလေးများ တွဲခိုနေသည့် သူ့မျက်လုံးလေးများကို ကျွန်တော်တွေ့ရသည်။

“တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ ကလေးမ၊ ညည်း ဘဝကံကောင်းဖို့ ဖြစ်လာတာပါ၊ ရောက်တဲ့အရပ်မှာ ကောင်းအောင်နေပြီး အလုပ်ကြိုးစားပါ”

“သမီးကတော့ မပြောင်းချင်ပါဘူး၊ အမေ့ကျန်းမာရေးအတွက် ပြောင်းရမှာ”

“ပျော်ရာမှာမနေ တော်ရာမှာနေရတယ် ကလေးမရဲ့၊ ဘဝဆိုတာ အရွေ့ရှိရမယ်လေ၊ ညည်းဒီမှာ ကန်စွန်းရွက်ရောင်းနေလို့ မတိုးတက်နိုင်ဘူးလေ၊ ညည်းအဘွားရွာမှာ ညည်းဘဝတိုးတက်ဖို့ တခြားအလုပ်တွေ ရှိနိုင်တာပဲလေ၊ အဲဒီအလုပ်တွေကိုလုပ်ရင်း ငွေကြေးအဆင်ပြေတဲ့အခါ ညည်းလိုချင်တဲ့ ဘဝမျိုးကို ရနိုင်တာပဲ၊ ဒါကို ဘဝရဲ့ အရွေ့လို့ခေါ်တယ်၊ ကောင်းမွန်တဲ့ အရွေ့ဖြစ်ဖို့လိုတယ်နော်၊ လမ်းမှားကို မရွေ့မိစေနဲ့”

ကျွန်တော့်စကားကို သူနားလည်ဟန်ဖြင့် ခေါင်းညိတ်ပြခဲ့သည်။ ထို့နောက်တွင် ကျွန်တော့်ကို နှုတ်ဆက်ကာ သူထွက်သွားခဲ့သည်။ ကျွန်တော် အတွေးစကို ရပ်တန့်လိုက်သည်။ သူနှင့်ပတ်သက်၍ ဘာသတင်းမှ ကျွန်တော်မကြားခဲ့။ ကျွန်တော်လည်း မစုံစမ်းခဲ့။ သူနှင့်ကျွန်တော်တို့ ခင်မင်မှုသည် သူထွက်သွားခဲ့သည်နောက်တွင် တစ်ခန်းရပ်သွားခဲ့ပါသည်။

(၅)

ခန်းမအတွင်း ချိတ်ဆွဲထားသည့် ပန်းချီကားများကို ကြည်နူးစွာဖြင့် လှည့်လည်ကြည့်ရှုနေခဲ့သည်။ ပန်းချီကားအများစုမှာ ဆီဆေးဖြင့် ရေးဆွဲထားကြသည်။ အလင်း၊ အမှောင်၊ အနီး၊ အဝေးကို ပန်းချီဆရာများက ရသမျိုးစုံဖြင့် ခံစားရေးဆွဲထားကြခြင်း ဖြစ်သည်။ ပြပွဲတွင် ကျွန်တော့်ပန်းချီကား တစ်ချပ်သာပါဝင်သည်။ ထိုပန်းချီကာကို ရေဆေးဖြင့် ကျွန်တော်ရေးဆွဲ့ခဲ့ခြင်းဖြစ်သည်။ ပြပွဲစချိန်တွင် ပြခန်းအတွင်း ကြည့်ရှုသူ၊ ဝယ်ယူသူများဖြင့် စည်းကားလှပါသည်။ လူအနည်းငယ် ရှင်းသွားချိန်တွင် မရယ်မပြုံးမျက်နှာဖြင့် ဝင်လာသူကို မြင်ရချိန်တွင် ကျွန်တော့်နှလုံးခုန်သံက စည်းချက်မညီမညာဖြင့် ထွက်ပေါ်လာသည်။ တပည့်ဖြစ်သူက ပန်းချီကားများအကြောင်းကို ရှင်းပြနေသည်။ သူက ခေါင်းတဆက်ဆက်ညိတ်ကာ ထောက်ခံနေသည်။ သူ့ခြေလှမ်းများ ရပ်တန့်သွားသည်။

“ဒီမှာ --”

သူက လက်ညှိုးညွှန်ပြနေသည်။ ကျွန်တော်နေရာမှမရွေ့ဘဲ လှမ်းကြည့်လိုက်သည်။

“ဒီပန်းချီကားလား ဆရာရေ ဆရာ့ပန်းချီကားအကြောင်း သိချင်လို့တဲ့”

ထိုင်ရာမှ ကျွန်တော် ထလိုက်သည်။ သူ့အနားသို့ ကျွန်တော် ရောက်ချိန်တွင် သူက ကျွန်တော့်ကိုကြည့်လျက် စကားဆိုသည်။ သူ့အကြည့်တွင် ကျွန်တော့်ကို မမှတ်မိခြင်းလား၊ မှတ်မိသော်လည်း သိရှိကြောင်း အသိအမှတ်မပြုခြင်းလား ဆိုသည်ကို ကျွန်တော်မတွေးဆတတ်ခဲ့ပေ။

“ဒီပန်းချီကားကို ကျွန်မဝယ်ချင်တယ်”

“ကျွန်တော် မရောင်းပါဘူး”

“အို

...မရောင်းဘဲ ချိတ်ထားတာ လား”

“သူငယ်ချင်းရဲ့ပွဲကို ကူညီတဲ့အနေနဲ့ ချိတ်တာပါ”

“ဒါနဲ့ ဒီပုံက ဈေးရောင်းနေတဲ့ပုံနော်၊ ဒီဘက်တစ်ယောက်က ပန်းချီဆရာ၊ သူက ဈေးဝယ်နေတယ်၊ ဒီဘက်က အမျိုးသမီးနှစ်ယောက်က ဈေးသည်နဲ့ ပန်းချီဆရာကို ကြည့်ပြီး ဘာအကြောင်းတွေ ပြောနေတာလဲ”

အမေးစကားကြောင့် သူ့ကိုလေးလေးနက်နက် ကျွန်တော်စိုက်ကြည့်လိုက်သည်။

“ကျွန်တော်လည်း အဲဒီမေးခွန်းရဲ့ အဖြေကို သိချင်နေတာ”

“ရှင်”

အံ့သြစွာထွက်ပေါ်လာသည့် သူ့အသံက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် စဉ်းစားနေသည်။ ကျွန်တော်သူ့အနားမှ လှည့်ထွက်ခဲ့သည်။ ကျွန်တော့် အနောက်တွင် အတွေးနယ်ချဲ့လျက် ကျန်ရစ်ခဲ့သောသူရယ်၊ ဒိုက်ငြိုသောငှက် အမည်ရှိ ပန်းချီကားတစ်ချပ်က ကျွန်တော့်ကျောပြင်ကိုငေးကြည့် ကျန်ရစ်ခဲ့ကြလိမ့်မည်ဟု ကျွန်တော်ထင်သည်။

ပန်းချီခန်းမထဲမှအထွက် ရွှေရည်ဝင်းနှင့်အမျိုးသားတစ်ဦးကို တွဲမြင်လိုက်ရသည်။ ထိုမြင်ကွင်းကြောင့် လူတစ်ဦးသည် အရွေ့မှားလျှင် တစ်ဘဝလုံး ပေးဆပ်တတ်ရသည်။ မိမိဘဝအရွေ့ကို သတိတရားနှင့် ဆင်ခြင်လျက် ပညာဉာဏ်နှင့် ဆုံးဖြတ်ရန်အရေးကြီးကြောင်း ကျွန်တော် သိလာခဲ့ရသည်။ မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အထိ သူ့ကိုကြည့်နေစဉ် တပည့်ဖြစ်သူ ဈာန်လေး၏ စကားက ကျွန်တော့်နားစည်တွင် ပဲ့တင်ထပ်လျက်ရှိနေခဲ့၏။

“သူက ရွှေရည်ဝင်းလေ၊ သူတို့လောကမှာတော့ နာမည်ကြီးပေါ့၊ သူ့အလုပ်က ဇီးကွက်လိုပဲ၊ ညဘက်မှာ အပြင်ထွက်ရတယ်ဆရာ”

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေ းပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

# မသန်စွမ်းသူများအား နွေးထွေးစွာ ဖေးမကူညီပါ

ဇင်မင်းစိုး(ဗိုလ်ကလေး)

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဖြစ်ပါသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်မှာ "အနာဂတ်မှာအားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" ဖြစ်ရာ ကမ္ဘာကြီး၏ မသန်စွမ်းသူများအပေါ် လက်တွဲခေါ် ယူလိုသော စေတနာ၊ မေတ္တာ၊ ကရုဏာတို့ကို လေးစားဖွယ်တွေ့မြင်ရမည်ဖြစ်ပါသည်။

"မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများကို ဆိုလိုသည်" ဟု မသန်စွမ်းသူများ၏အခွင့်အရေး သဘောတူစာချုပ်တွင် ဖော်ပြပါရှိပါသည်။

ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်တွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်သူတွေ၊ မွေးရာပါ မသန်စွမ်းဖြစ်သူတွေကို စာနာနားလည် ကိုယ်ချင်းစာ ကူညီနိုင်စေဖို့ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကိုသတ်မှတ်ပြီး ပျော်ပွဲရွှင်ပွဲများ၊ ဟောပြောပွဲများ ကျင်းပ၍ ဂုဏ်ပြုအမှတ်ရစေခဲ့ကြပါသည်။

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဖြစ်ပေါ်လာပုံ**

၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများအား ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်ရရှိမှုတို့ တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးသော မသန်စွမ်းရပိုင်ခွင့်ကိုအခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ချမှတ်ခဲ့သောနေ့ကို အထူးပြုသောအားဖြင့် ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သော (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃)ဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပါသည်။

**မသန်စွမ်းသူများနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရခြင်းရည်ရွယ်ချက်များမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန်ဖြစ်ပါသည်။ အထူးသဖြင့် ပိုမိုကောင်းမွန်သည့် ကမ္ဘာတည်ဆောက်ရာတွင် မသန်စွမ်းသူများလည်း တစ်တပ်တစ်အားပါဝင်ပြီး ရေရှည်တည်တံ့ရေးအတွက် စုပေါင်းအကောင်အထည်ဖော်နိုင်စေရေးအတွက် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရခြင်းဖြင့် လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများ ပိုမိုပါဝင်လာနိုင်ပြီး ထိုသို့ပါဝင်လာခြင်းသည် မသန်စွမ်းသူများအပေါ် ကန့်သတ်တားမြစ်ထားသောအရာများကို ဖယ်ရှားနိုင်ရန်နှင့် လက်တွေ့ကျသော အကောင်အထည်ဖော်ဆောင်ရွက်ကြစေရန် ရည်ရွယ်၍ ကျင်းပကြပါသည်။

**မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားမှုများ**

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းများ၊ ပြဋ္ဌာန်းချက်များ၊ ဥပဒေများ သတ်မှတ်ထုတ်ဆင့်ပေးပြီး အတားအဆီးကင်းသောအခြေအနေနှင့် အားလုံးပါဝင်သော လူ့အဖွဲ့အစည်းကြီးတစ်ခု ဖြစ်စေရန် အားပေးကူညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

လူ့အခွင့်အရေးအဖွဲ့ကြီး၏ ကြေညာစာတမ်း အပိုဒ်(၁)တွင်-

"လူတိုင်းသည် မွေးဖွားကတည်းက သေဆုံးသည်အထိ တူညီသောလူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာများရှိသည်"ဟု ဖော်ပြထားရာ ထိုအထဲတွင် မသန်စွမ်းသူများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာများ တူညီစွာခံစားခွင့်ရှိပုံကို ဖော်ညွှန်းပြဋ္ဌာန်းထားခဲ့သည်။ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်း၊ နှိမ့်ချပြောဆိုခြင်း၊ စိတ်အားငယ်စေမည့် အသုံးအနှုန်းအခေါ်အဝေါ်များ ခေါ်တွင်စေခြင်းတို့မှ ရှောင်ကြဉ်နိုင်စေရန် ဖြစ်ပါသည်။

**ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြရှိသော တန်းတူအခွင့်အရေးများ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို၍ ကမ္ဘာတစ်လွှားရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများကို တိုးမြှင့်ဖော်ဆောင်ပေးခဲ့ပါသည်။

အဆိုပါ ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် အပိုဒ်ပေါင်း ၅၀ ပါဝင်ပြီး ထပ်မံ၍ နောက်ဆက်တွဲ သဘောတူစာချုပ်ပါ အပိုဒ်ပေါင်း ၁၈ ပိုဒ်နှင့် ပေါင်းလျှင် အပိုဒ်ပေါင်း ၆၈ ပိုဒ် ပါရှိလေသည်။

ထိုသဘောတူစာချုပ်တွင် မသန်စွမ်းများ၏ တန်းတူအခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး၊ လုံခြုံမှုနှင့်လွတ်လပ်ခွင့်ရှိရေး၊ ပညာရေးနှင့်ကျန်းမာရေးများ၊ မသန်စွမ်းသူများ၏လုပ်ငန်းနှင့် အလုပ်အကိုင်၊ ပြည့်စုံသောလူနေမှုအဆင့်အတန်းနှင့် လူမှုရေးအကာအကွယ်များ၊ လူ့အသိုင်းအဝိုင်းအတွင်း လွတ်လပ်စွာ လှုပ်ရှားသွားလာနေထိုင်ခွင့်များ၊ မသန်စွမ်းအမျိုးသမီးများနှင့် ကလေးသူငယ် အခွင့်အရေးတို့ကို သဘောတူညီထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုခဲ့ပါသည်။

ထိုသဘောတူစာချုပ် အပိုဒ်(၂၄)ရှိ မသန်စွမ်းများ၏ ပညာရေးကဏ္ဍတွင် ထည့်သွင်းဖော်ပြထားသည့် အချို့အချက်များမှာ မသန်စွမ်းသူများအတွက် ဘဝအာမခံချက်နှင့် တန်းတူအခွင့်အရေးများကို မြှင့်တင်ထားရာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

အပိုဒ်(၂၄)၏ အပိုဒ်ခွဲ(၄)တွင် -

"မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့်ကို ဖြည့်ဆည်းရာတွင် အထောက်အကူဖြစ်စေရန် မသန်စွမ်းဆရာ ဆရာမများအပါအဝင် လက်သင်္ကေတဘာသာစကား သို့မဟုတ် မျက်မမြင်လက်စမ်းစာများကို ကျွမ်းကျင်သည့် ဆရာ ဆရာမများ ခန့်ထားရန်"ဟု ဖော်ပြပါရှိခြင်း ဖြစ်လေသည်။

အပိုဒ်(၂၅) ကျန်းမာရေးကဏ္ဍတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ၊ အခမဲ့ကူညီမှုစနစ်များ၊ လူထုအခြေပြု ပြည်သူ့ကျန်းမာရေးအစီအစဉ်များတွင် အခြားသူများနည်းတူ တူညီသောနယ်ပယ်၊ အရည်အသွေး၊ အဆင့်အတန်းဖြင့် အခမဲ့ သို့မဟုတ် သင့်တော်သည့်နှုန်းထားဖြင့် ရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးရမည်ဟု ဖော်ပြထားပါသည်။

အပိုဒ်(၂၆) ထူထောင်မှုနှင့် ပြန်လည်ထူထောင်မှုတွင်လည်း မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုရေးအခြေအနေ မြင့်မားစေရန်နှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များတွင် သင်ကြားခွင့်ရရှိရေး၊ ပံ့ပိုးကူညီပေးရေးနှင့် သင်တန်းများ ပေးအပ်ရေးတို့ကို ဆောင်ရွက်ပေးရန်တို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းကူညီ အားဖြည့်ပေးလျက်ရှိပါသည်။

ပညာရေးစနစ်တွင် မည်သူမဆို အခမဲ့အခြေခံပညာမူလတန်းအလယ်တန်းအထက်တန်းပညာရေးများကို မသင်မနေရသတ်မှတ်ကြေညာထားသလို လိုအပ်သောပံ့ပိုးစာအုပ်များ၊ စာရေးကိရိယာ အသုံးအဆောင်များကို နှစ်စဉ်ပူဒါန်းပေးနေသလို ဆရာ ဆရာမများကိုလည်း လိုအပ်သော သင်တန်းများ ပေးအပ်ပြုလုပ် ပံ့ပိုးပေးထားပြီး အားလုံးပါဝင်သော ပညာရေးစနစ်၊ အတားအဆီးကင်းသော ပတ်ဝန်းကျင်ကောင်းစနစ်ဖြစ်လာစေရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်မှာ စရိတ်မျှပေး ကျန်းမာရေးစနစ် ဖြစ်လေရာ မသန်စွမ်းများအတွက် အချို့ကို ကျန်းမာရေးပဒေသာပင်မှ အခမဲ့ဖြင့်လည်းကောင်း၊ အချို့ကို မိတ်ဖက်အဖွဲ့အစည်းများဖြင့်ပူးပေါင်းကာ သင့်တော်သောနှုန်းထားဖြင့်လည်းကောင်း နွေးထွေးစွာ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

လူမှုရေးကဏ္ဍအနေဖြင့် မသန်စွမ်းသူများ အားလုံးကို စာရင်းကောက်ယူ၍ ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးအားပေးခြင်း၊ အထောက်အကူပြုကိရိယာများအနေဖြင့် ဘီးချဲများ၊ ချိုင်းထောက်များ၊ လက်ထောက်များ၊ နားကြားကိရိယာများ၊ ခြေတုလက်တုများနှင့် အခြားလိုအပ်သော ကိရိယာများ ပံ့ပိုးကူညီပေးနေသလို ခွဲခြားဆက်ဆံခြင်းမရှိစေရေးအတွက် သင်တန်းများ ပေးခြင်း၊ အတားအဆီးကင်းသော ပတ်ဝန်းကျင်ကောင်း ဖြစ်စေရေးအတွက် ဝိုင်းဝန်းဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သော ဆံပင်ညှပ်ခြင်း၊ အလှပြင်ခြင်း၊ စက်ချုပ်ခြင်း၊ စက်ပြင်ခြင်း၊ မြန်မာ့ရိုးရာ အကြောအဆစ်နှိပ်ခြင်း သင်တန်းများကို ဖွင့်လှစ်ပို့ချပေးသလို လိုအပ်သောကိရိယာတန်ဆာပလာများကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ ရေလုပ်သားမသန်စွမ်းများဖြစ်ပါက လှေ၊ ပိုက်မျိုးစုံနှင့် ဝက်၊ ကြက်၊ ဘဲ စသည့် မွေးမြူရေး လုပ်ငန်းများအတွက်လည်း ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။

**မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးများနှင့်စဉ်လျဉ်း၍ ထင်မြင်ယူဆချက်၊ ရှင်းလင်းတင်ပြချက်များနှင့် အကြံပြုချက်များ**

ကိုဗစ်-၁၉ ကာလအလွန် မသန်စွမ်းသူများ ကြုံတွေ့နေရသည့် စိတ်အားငယ်မှုများ၊ စားဝတ်နေရေး ခက်ခဲကျပ်တည်းမှုများကို အားပေးနှစ်သိမ့်ပေးသလို အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု လေ့ကျင့်ခန်းများ၊ အခွင့်အလမ်းများ ကူညီထောက်ပံ့မှုများကိုလည်း စဉ်ကွင်းဆင်းစောင့်ကြည့်ဖော်ဆောင်ပေးလျက်ရှိပါသည်။

မသန်စွမ်းသူများသည် အခြားသူများထက် စိတ်ခံစားမှုပိုမိုလွယ်ကူသဖြင့် မသန်စွမ်းသူများနှင့် ထိတွေ့ဆက်ဆံနေသည့် မိသားစုအသိုင်းအဝိုင်းများ၊ ပတ်ဝန်းကျင်မိတ်ဆွေများအနေဖြင့် မသန်စွမ်းသူများကို အထူးအားပေးနှစ်သိမ့်ရန် လိုအပ်လှပါသည်။ မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs)နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

မသန်စွမ်းသူများ စိတ်အားငယ်စေမည့်စကားများကို မပြောမိစေရန် ရှောင်ကြဉ်သင့်သလို ထိခိုက်စေနိုင်သည့် အသုံးအနှုန်းအခေါ်အဝေါ်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မဆက်ဆံမိစေရန် အထူးသတိထားစေလိုကြောင်း အကြံပြုလိုပေသည်။

မသန်စွမ်းသူများကို ရပ်ရွာအရေးကိစ္စများတွင် ဆန္ဒအလျောက်ပါဝင်ခွင့်ရရန်နှင့် ပါဝင်ခွင့်ပေးရန် အခွင့်အရေးများ ဖော်ဆောင်ပေးသင့်ပါသည်။ မသန်စွမ်းသူများ သွားလာနေထိုင်ရေး အဆင်ပြေစေရန် အဆောက်အအုံတည်ဆောက်မှု၊ လမ်းပုံစံပြောင်းလဲမှုတို့တွင် မသန်စွမ်းသူများ အများနည်းတူ သွားလာနေထိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

လူတိုင်း အချိန်မရွေး၊ နေရာမရွေး မသန်စွမ်းများ ဖြစ်နိုင်ကြသည်မို့ သူ့နေရာတွင် ကိုယ်သာဆိုသည့် အတွေးဖြင့် ကိုယ်ချင်းစာတရားထားကာ ဖေးမလက်တွဲကူညီကြစေလိုပါသည်။ ခွဲခြားခြင်း၊ နှိမ့်ချခြင်း၊ ချန်လှပ်ထားခြင်း၊ ဘေးဖယ်ထားခြင်းတို့ လုံးဝမပြုအပ်ပေ။

သာယာအေးချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ထူထောင်ရာတွင် အားလုံးပါဝင်သော လူမှုအသိုင်းအဝိုင်းဝန်းကျင် ဖြစ်လာစေရေးအတွက် ကျွန်ုပ်တို့နှင့်နည်းတူ မသန်စွမ်းများအားလုံး ပါဝင်လာစေရေးနှင့် အနာဂတ်ကမ္ဘာတွင် မသန်စွမ်းသူများ၏ ခေါင်းဆောင်နိုင်မှုကို မြှင့်တင်ဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းစုပေါင်း ကြိုးစားကြပါစို့ဟု ဆန္ဒပြုရင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည် ...။

## လမြတ်နတ်တော်

❂ တိုင်းရှစ်ခွင် နှင်းတွေကျ
နတ်တော်လ အချိန်ခါ၊
ဓနုရာသီ ချမ်းမြလို့
ပန်းလှုတို့ဝေဆာ၊
နက္ခတ်က မိဂသီ
ထွန်းပဟာ ကောင်းကင်နန်း၊
လေးကိုင်က ယောက်ျားရုပ်
အဟုတ်အသွင်ဆန်း။။

❂ ပန်းတော်ဝင် အမြင့်နန်းမှ
သဇင်ပန်းတို့ ဖူးပွင့်ကာ၊
တောပန်းအစုံ ထူးတင့်စွ
ဖူးပွင့်ရောင်ပြာ၊
ဖြူလွလွ သဇင်ခိုင်ညာ
ငွေရောင်ဖြာ မွှေးကြိုင်မြ၊
စပါးရွှေဝါ လေယူတိမ်းလို့
ရိတ်သိမ်းသည့်လ။။

❂ စာဆိုသဘင် အခင်းလုပ်လို့
ကျင်းပကြ နေရာတကာ၊
ရှေးစာဆို ဦးထိပ်ထား
ဖတ်ကြားစာလွှာ၊
စာဆိုတို့ ဂုဏ်မဟာ
ရွှတ်ဖွားကာ အစဉ်မမေ့၊
နတ်တော်ဆန်းတစ်ရက်မှာ
အေးချမ်းလျက်သာ နွှဲပျော်ကြတယ်
စာဆိုတော်ပွဲနေ့။ ။

ပန်းမာလာ

# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က ရတနာဘုမ္မိအရှေ့ရပ်ကွက် ရတနာကောသဘုရားဝင်းအတွင်းရှိ မန်းသီရိန်ဓမ္မာရုံ၌ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၆ ပါးနှင့် ဒေသခံပြည်သူ ၁၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်) တွင် တစ်နေ့တာ အာဟာရကျွေးမွေး၍ ဆန်၊ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မိသားစုဝင်များနှင့် တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင် အလှူရှင်များပူးပေါင်း၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)တွင် တစ်နေ့တာ အာဟာရကျွေးမွေး၍ ဆန်၊ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံ၌ ဆောင်ရွက်သည်။



ဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်း မိသားစုက ဆန်နှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများနှင့်မိသားစုဝင်များက ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က အလှူငွေ၊ ဆန်နှင့် အသုံးဆောင်ပစ္စည်းများကို လည်းကောင်း၊ အလှူရှင်များက အလှူငွေ၊ ဆန်နှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် ခြင်းလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးတို့အတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ဟိုတယ်ရွှေဂုံတိုင်(ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အသစ်နာယက ဦးစိုးတင့်က ခြင်းလုံးနှင့်ပတ်သက်၍သိကောင်းစရာများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးသက်လွင်က အဖွဲ့ချုပ်သစ် ဖွဲ့စည်းထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က အမျိုးသားအားကစားပွဲတော်တွင် သရုပ်ပြခတ်ကစားမည့်အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက အမှာစကားပြောကြား၍ အမှုဆောင်များက ခြင်းလုံးနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

အဆိုပါမြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အသစ်တွင် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဇင်မိုး၊ ဦးဝင်းတင့်၊ ဦးထွန်းလင်းသောင်းနှင့် အမှုဆောင် ၁၇ ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဒိုင်ကြီးကြပ်ရေးဆပ်ကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ သရုပ်ပြလှုပ်ရှားရေးဆပ်ကော်မတီ၊စည်းရုံးရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ရုံးအဖွဲ့တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**ကိုထက်**



# လွိုင်လင်မြို့နယ် ပညာရေးမှူးဖလား ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**လွိုင်လင် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ U-15 လွိုင်လင် အထက(၃)အသင်းနှင့်ပင်လုံအထက(၂)အသင်းတို့၏ ဗိုလ်လုပွဲကိုလည်းကောင်း၊ U-18 အထက(၁)လွိုင်လင်အသင်းနှင့် အထက(၂) ပင်လုံအသင်းတို့၏ ဗိုလ်လုပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးသန်းစိုးက ကျေးဇူးတင်စကားပြောကြားပြီး U-12 / U-15 / U-18 ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများအား တစ်ဦးချင်းလည်ဆွဲတံဆိပ်နှင့် ဆုဖလားများကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသည့် အားကစားသမားများကို မြို့နယ်ပညာရေးမှူး ဦးသန်းစိုးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ လွိုင်လင်မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် U-18 ဘောလုံးအသင်းသုံးသင်း၊ U-15 ဘောလုံးအသင်း ခုနစ်သင်း နှင့် U-12 ဘောလုံးအသင်း ရှစ်သင်း စုစုပေါင်း ဘောလုံးအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**လွိုင်လင်မိုး**

❍ MNL မှ

အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် အရေးနိမ့်သော်လည်း လက်ကျန်နှစ်ပွဲအလိုကတည်းက ချန်ပီယံဆုရရှိထားပြီးဖြစ်သောကြောင့် ပွဲအပြီးတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် လူငယ်လိဂ်ပြိုင်ပွဲများကို ၂၀၂၀ နောက်ပိုင်း ပထမဆုံးပြန်လည်ကျင်းပခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

သုဝဏ္ဏကွင်း၌ကျင်းပသည့် Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး စိုင်းဇေယျာကျော်က သွင်းဂိုး ၁၅ ဂိုးဖြင့်ရရှိပြီး ဆုတံဆိပ်နှင့် ဆုကြေးကျပ် သုံးသိန်း၊ တတိယဆုရ အား/ကာသိပ္ပံအသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ ဒုတိယဆုရ Junior Lions အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၂၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂၄ ပွဲကစား ၁၆ ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး၊ ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးရရှိပြီး Junior Lions အသင်းက ၅၁ မှတ်ဖြင့် ဒုတိယ၊ အား/ကာသိပ္ပံအသင်းက ၄၆ မှတ်ဖြင့် တတိယဆုရရှိသည်။ ယင်းအသင်းများနောက်တွင် ဒဂုံစတားယူနိုက်တက်အသင်းက ၄၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၀ မှတ်၊ သစ္စာအားမာန်အသင်းက ၃၈ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရတနာပုံအသင်းက ၃၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၃၀ မှတ်၊ Dagon Port အသင်းက ၂၁ မှတ်၊ မြဝတီအသင်းက ၁၉ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၂ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၁ မှတ် ရရှိသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**




### လီဗာပူးအသင်းရဲ့ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| လီဗာပူး | ၂ - ၀ | ရီးယဲလ်မက်ဒရစ် |
| ဆောက်သမ်တန် | ၂ - ၃ | လီဗာပူး |
| လီဗာပူး | ၂ - ၀ | အက်စ်တွန်ဗီလာ |
| လီဗာပူး | ၄ - ၀ | ဘိုင်ယန်မြူးနစ် |
| လီဗာပူး | ၂ - ၁ | ဘရိုက်တန် |

### မန်စီးတီးအသင်းရဲ့ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| မန်စီးတီး | ၃ - ၃ | ဖီယင်နု |
| မန်စီးတီး | ၀ - ၄ | စပါး |
| ဘရိုက်တန် | ၂ - ၁ | မန်စီးတီး |
| စပို့တင်းစီပီ | ၄ - ၁ | မန်စီးတီး |
| ဘုန်းမောက် | ၂ - ၁ | မန်စီးတီး |

### လီဗာပူးနဲ့ မန်စီးတီး ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲတွေ့ဆုံမှု

| | | |
|---|---|---|
| လီဗာပူး | ၁ - ၁ | မန်စီးတီး |
| မန်စီးတီး | ၁ - ၁ | လီဗာပူး |
| မန်စီးတီး | ၄ - ၁ | လီဗာပူး |
| မန်စီးတီး | ၃ - ၂ | လီဗာပူး |
| လီဗာပူး | ၁ - ၁ | မန်စီးတီး |

# ပြိုင်ပွဲစုံခြောက်ပွဲအထိ နိုင်ပွဲပျောက်ခဲ့တဲ့ မန်စီးတီး လီဗာပူးနဲ့ပွဲစဉ်မှာ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ပါ့မလား

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၃၀ ရက်နဲ့ ဒီဇင်ဘာ ၁ ရက်တို့မှာ ဆက်လက် ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အဲဒီပွဲစဉ်တွေထဲမှာ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်ကတော့ အကောင်းဆုံးပွဲစဉ် ဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၂)ယှဉ်ပြိုင်ကစားပြီးချိန်မှာ လီဗာပူးအသင်းက ရမှတ် ၃၁ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေပြီး မန်စီးတီးအသင်းကတော့ ရမှတ် ၂၃ မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကို ကြည့်မယ်ဆိုရင် လီဗာပူးအသင်းက ရလဒ်ပိုင်းကောင်းမွန်နေတဲ့ အသင်းဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အပါအဝင် ငါးပွဲကစားပြီးချိန်မှာ ငါးပွဲစလုံး အနိုင်ရရှိထားမှုနဲ့အတူ ချန်ပီယံလိဂ်အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ နိုဝင်ဘာ ၂၇ ရက်နံနက်ပိုင်းက ဖီယင်နုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ် အပါအဝင် ပြိုင်ပွဲစုံနောက်ဆုံးခြောက်ပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားတဲ့ ငါးကြိမ်မှာ တစ်ပွဲစီအနိုင်ရရှိထားပြီး သုံးပွဲက သရေရလဒ်ထွက်ပေါ်ထားတာကြောင့် ခြေစွမ်းပိုင်းတူညီတဲ့ အနေအထားမှာ ရှိတယ်ဆိုပေမယ့် လီဗာပူးအသင်းက ပြိုင်ပွဲစုံ ခြောက်ပွဲဆက်တိုက် အနိုင်ရရှိထားတဲ့အသင်း ဖြစ်တာကြောင့် ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းကတော့ အနိုင်ရလဒ်ဆောင်ကြဉ်းဖို့ ယုံကြည်မှုအပြည့်နဲ့ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ သမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ထိပ်တိုက်တွေ့ဆုံမှု ၅၉ ကြိမ်ရှိခဲ့ရာမှာ လီဗာပူးအသင်းက ၂၅ ပွဲနိုင်၊ မန်စီးတီးအသင်းက ၁၂ ပွဲနိုင်ပြီး ၂၂ ပွဲက သရေရလဒ်ထွက်ပေါ်ထားတာ ဖြစ်ပါတယ်။ ပရီမီယာလိဂ် ထိပ်တိုက်တွေ့ဆုံမှု ၄၈ ကြိမ်မှာတော့ လီဗာပူးအသင်းက ၁၉ ပွဲနိုင်၊ မန်စီးတီးအသင်းက ၁၁ ပွဲနိုင်ထားကာ ၁၈ ပွဲက သရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အစဉ်အလာအရ မန်စီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံတိုင်း နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့တဲ့ လီဗာပူးအသင်းကပဲ အိမ်ကွင်းအန်ဖီးလ်မှာ အနိုင်သုံးမှတ်အပြည့် ရယူသွားမလား၊ ပြိုင်ပွဲစုံခြောက်ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေတဲ့ မန်စီးတီးအသင်းကပဲ နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်ကာ နိုင်ပွဲရယူသွားနိုင်မလားဆိုတာ ဒီဇင်ဘာ ၁ ရက် ညပိုင်းမှာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ဒဏ်ရာရကစားသမား ရိုဒရီ ရာသီမကုန်မီ မန်စီးတီးသို့ ပြန်လာရန်မျှော်လင့်

ဒဏ်ရာပြဿနာနဲ့ ကြုံတွေ့နေရတဲ့ ကွင်းလယ်ကစားသမား ရိုဒရီဟာ ယခု ဘောလုံးရာသီမကုန်မီ မန်စီးတီးအသင်းသို့ ပြန်လာရန် မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

ရိုဒရီဟာ စက်တင်ဘာလအတွင်းက မန်စီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်မှာ ညာဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အဲဒီဒဏ်ရာကြောင့် ရိုဒရီအနေနဲ့ ရာသီကုန် အထိအနားယူရမယ်လို့ နည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့ပါတယ်။

ရိုဒရီ မပါဝင်ခဲ့တာကြောင့် မန်စီးတီးအသင်းဟာ ပြိုင်ပွဲစုံ နောက်ဆုံး ခြောက်ပွဲမှာ တစ်ပွဲမှအနိုင်ရရှိခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် စပိန် ကြယ်ပွင့်ရိုဒရီအနေနဲ့ ယခုဘောလုံးရာသီမကုန်မီ အသင်းဖော်တွေကို ကူညီနိုင်ဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။

ငွေကြယ် ရေးသားသည်

# မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးခု၌ ကျေးလက်လမ်း ၁၂ လမ်းနှင့် တံတား ၁၈ စင်း အကောင်အထည်ဖော်ဆောင်ရွက်

မင်းဘူး နိုဝင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ခရိုင်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိစေရန်အတွက် ကျေးလက်လမ်းနှင့် တံတားများကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ခွင့်ပြုရန်ပုံငွေများဖြင့် နှစ်စဉ် ဆောက်လုပ်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းပေါင်း ၁၂ လမ်းနှင့် တံတားပေါင်း ၁၈ စင်းကို ခရိုင်အတွင်းရှိ မြို့နယ် ငါးခု၌ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်များအလိုက် ကျေးလက်လမ်းများနှင့် တံတားများကို နှစ်စဉ် ဆောင်ရွက်ပေးရာတွင် ခရီးစဉ်လမ်းညွှန်ချက်နှင့် ကျေးရွာအဖွဲ့အစည်းများမှ လျာထားတင်ပြချက်များအပေါ် မူတည်၍ ယခုကဲ့သို့ အဆင့်မြင့်တင် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်လမ်း သုံးလမ်း(၈/၁ ဒသမ ၁၇ မိုင်)ကို ခွင့်ပြုငွေကျပ် ၄၈၀ ဒသမ ၈၇၄ သန်း၊ ပွင့်ဖြူမြို့နယ်၌ လမ်း ငါးလမ်း (၆/၅ မိုင်)ကို ခွင့်ပြုငွေကျပ် ၈၉၉ ဒသမ ၅ သန်းနှင့် တံတား ၁၈ စင်း (ပေ ၁၆၀)ကို ငွေကျပ် ၂၂၅ ဒသမ ၄၇၃ သန်း၊ စလင်းမြို့နယ်၌ လမ်း နှစ်လမ်း(၁/၄ မိုင်)ကို ငွေကျပ် ၂၂၈ ဒသမ ၁၀၈ သန်းနှင့် ငဖဲမြို့နယ်၌ လမ်း နှစ်လမ်း(၂/၁ ဒသမ ၅၇ မိုင်)ကို ငွေကျပ် ၆၇၁ ဒသမ ၀၈၅ သန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဖွန်လမှစတင်၍ ဆောက်လုပ်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ပြင်ဦးလွင်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် VEA ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ VEA ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းမြင့်သွယ်က အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး VEA ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်စာရိတ္တစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❖ မိုးယွန်းကြီးအင်းမှ

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧက ၂၅၆၀၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းတွင် ယမန်နှစ်ဆောင်းခိုငှက်ရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၁၂ မျိုးဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆောင်းခိုငှက်မျိုးစိတ်ရာကျော် ဝင်ရောက်နိုင်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးက ခန့်မှန်းထားသည်။

ယခုနှစ် ဝင်ရောက်လာသော ဆောင်းခိုငှက်မျိုးစိတ် ၂၉ မျိုးတွင် ဘဲရစ်၊ ဘဲပြာကလေး၊ ရေကြက်ဒုံ၊ တစ်တီတူး၊ ငါးဟစ်မွဲ၊ တောဝမ်းဘဲ၊ တလိုင်းခေါင်း၊ မယ်ညို၊ ခြေနီရေညှောင့်ငှက်၊ မြစ်တွေးငှက်နှင့် စစ္စလီငှက်အပါအဝင် ရှားပါးမျိုးစိတ်ဝင် ခရုစုပ်ခေါင်းမဲ ငှက်မျိုးစိတ်လည်း ဝင်ရောက်နားခိုလျက်ရှိကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းရာသီ၌ နို့တိုက်သတ္တဝါ ၁၂၀၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ဌာနေငှက် ၇၇ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ ရှင်သန်တည်ရှိလျက်ရှိကြောင်း သိရသည်။



ဆောင်းခိုငှက်တောဝမ်းဘဲများကို တွေ့ရစဉ်။

မိုးယွန်းကြီးအင်းသို့ ဝင်ရောက်လာသော ဆောင်းခိုငှက်များသည် ပျံသန်းရာလမ်းကြောင်းကိုးခုအနက်မှ အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပျံသန်းရာလမ်းကြောင်းနှင့် အနောက်အာရှ-အရှေ့အာဖရိကလမ်းကြောင်းတို့မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

■ ကျောဖုံးမှ

ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"သည် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

မိုး/ဇလ


# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ရန်ကုန်တွင်အခြေချနေထိုင်ပြီး လူလည်းနေစီးပွားရေးလုပ်ရန်အဆင်ပြေသော သုဝဏ္ဏ VIP-2 လမ်းမတန်းလမ်းကျယ်၊ မျက်နှာစာ(70') x ရှေ့နောက်(90')၊ (45' x 50') 2RC တိုက်(1)လုံး၊ (12' x 25')နှစ်ထပ်တိုက်(1)လုံး၊ ဂရန်မြေ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊

ကျပ်သိန်း (40,000)

၂။ အရှေ့ဒဂုံ၊ စပ်စံထွန်းလမ်းမ၊ မြေအကျယ် (20' x 60')၊ မြေပို(60')ပါ၊ မြေပေါ်အကျယ် (20' x 120')၊ အိမ်(1)လုံးပါ၊ ဂရန်မြေ၊ လူနေပြီး စီးပွားရေးလုပ်ရန်နေရာကောင်း။

ကျပ်သိန်း (3,500)

၃။ ဆယ်အိမ်တန်းကမ်းခြေရှိ ဘန်ဂလို(15)လုံး၊ စားသောက်ခန်းမ(1)ခု၊ ဝန်ထမ်းလိုင်းခန်းပါ ဥယျာဉ်ရိပ်သာ၊ ရင်းနှီးမြှုပ်နှံထားပြီး အရန်သင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် မြေဧရိယာ(2)ဧကခန့်ကျယ်သောဥယျာဉ်ရိပ်သာ။

ကျပ်သိန်း (15,000)

၄။ သန်လျင်မြို့၊ ထမလုံ၊ မြယာရိုး၊ ဥယျာဉ်ခြံမြေ၊ မြေဧရိယာ(1.27ဧက)၊ ဘုန်းကြီးကျောင်း၊ ရိပ်သာလှူဒါန်းလိုသူများနှင့် အေးအေးချမ်းချမ်းနေလိုသူများအတွက် အချက်အချာကျနေရာကောင်း၊ သီလဝါဥယျာဉ်အိမ်ရာကပ်လျက်၊ သီးနေသော စိန်တလုံးသရက်ပင် ရာကျော်ပါသော ခြံကြီး။

ကျပ်သိန်း (8,000)

၅။ သာခုကန်၊ အမှတ်(၄)လမ်းမကြီးအနီး၊ သာခုကန်ဘုရားဘေး၊ မြေပိုင်မြေ၊ ပြည်နယ်နှင့် တိုင်းများမှ ရန်ကုန်တွင် အဖွဲ့လိုက်အခြေချ နေလိုသူများအတွက် ဧကွက်ကြီး၊ 1Sqft ကို ငွေကျပ် 45,000/-ဈေးဖြင့် ရမည့်ခြံကြီး၊ ပုဂ္ဂလိက ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံဖွင့်ရန် နေရာကောင်း၊ အိမ်ရာကွက်ဖော်လိုသူများ၊ အပန်းဖြေစခန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။ မြေဧက(15)ဧကကျော်။

ကျပ်သိန်း (300,000)

ဖုန်း - 09-5178979, 09 -451146685, 09-251790828, 09-755170655


# သွေးသည် အသက်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၈

ဦးကျော်စိုး (တရားနိုင်) { နှင့် } ဦးဝင်းကြည် (တရားရှုံး)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၃ တွင်ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City၊ သဇင် (၃)လမ်း၊ အမှတ် (B-၁၃၀)ဟု ခေါ်တွင်သော အလျားxအနံ (၄၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ထပ် တိုက်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

ကြမ်းခင်းဈေး ကျပ်သိန်း (၂၉၀၀)

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်စည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်လင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
အင်းစိန်ခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြတ်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ ကွယ်လွန်သူမိဘများဖြစ်ကြသော ဒေါက်တာနိုင်တင့်စန်းနှင့် ဇနီး ဒေါ်ဝင်းမေ (ခ) ဒေါ်ကြူရီလှတို့တွင် (၁) ဦးမြတ်ကိုကို၊ (၂) ဦးကျော်ကျော်နိုင်၊ (၃) ဒေါ်အင်ဂျီစန်း၊ (၄) ဒေါ်နှင်းကေသွယ် တို့ဖြစ်ကြောင်း ကျွန်ုပ်တို့မိတ်ဆွေ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

၂။ မိခင်၊ ဖခင်များကွယ်လွန်သည့်အခါ ကျွန်ုပ်တို့မိတ်ဆွေအပါအဝင် သားသမီး (၄)ဦးပိုင်ဆိုင်သော အမွေပုံပစ္စည်းအဖြစ်-

(၁) ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေဇလပ်လမ်း၊ တိုက်အမှတ်(အို)၊ အခန်းအမှတ် (၁)၊ မြေညီထပ်တိုက်ခန်း (၁)ခန်း။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၁၆၁၊ အကျယ်အဝန်း (၀.၀၈၄)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦတို့ ကျန်ရှိခဲ့ပါသည်။

၃။ အထက်ဖော်ပြပါ အမွေပုံပစ္စည်းတို့အား ကျွန်ုပ်တို့၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်းစသည့် လွှဲပြောင်းခြင်းတစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆)**

**ဒေါ်ခင်မျိုးလတ် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၅)**

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၂၂)
### လှိုင်သာယာအရှေ့ပိုင်းမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၁ နှင့်ဆက်နွှယ်သည့်
### ၂၀၂၄ ခုနှစ်၊ တရားဇာရီမှုအမှတ်- ၁၄

ဒေါ်မေရီမြင့် **အနိုင်ဒီကရီရရှိသူ** } နှင့် { ဒေါ်အေးအေးသန်း **တရားရှုံး**

အမှတ် (၉၃/က)၊ စိန်ပန်းမြိုင် (၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်အေးအေးသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မေရီမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်မြင့်ဆွေ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗညားဒလအိမ်ရာ၊ တိုက်အမှတ်(A-1)၊ အခန်းအမှတ် (008)၊ အကျယ်အဝန်း (၁၂ ½ ပေx ၄၅ပေ)ရှိ မြေညီတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ "အဆောက်အအုံနေထိုင်ခွင့်စာချုပ်"တွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးအောင် [၁၂/ပဘတ(နိုင်) ၀၀၀၈၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိုးမြင့်အောင် [၁၂/တမန(နိုင်) ၁၁၈၈၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်**
**(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

# ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ မြေတိုင်းရပ်ကွက် (၇)၊ မြေကွက်အမှတ် (၅၈ခ/၅၉က)၊ မြေအကျယ်(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၈)ထပ်တိုက် (Lift)ပါ အဆောက်အဦ (သတ္တမထပ်) (၇)လွှာ၊ ခြေရင်းခြမ်း၊ တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ (၁၇x၅၄)ပေ၊ အမြင့်ပေ (၁၀)ပေရှိ မီနီကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတပ်ဆင်ပြီးသော ပစ္စည်းများနှင့် ရေ/မီးအစုံအလင်ပါ အကျိုးခံစားခွင့်အားလုံးအား မူလပိုင်ရှင်ဖြစ်သူ ဦးသောင်းဦးလွင်[၁၂/သကတ(နိုင်)၀၄၁၂၄၂]ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခိုင်သင်းနွယ်[၁၂/ကတတ(ပြု)၀၀၁၀၄၄]ထံမှ ကျွန်ုပ်မိတ်ဆွေဦးထွန်းထွန်းဦး [၁၂/မဂတ(နိုင်)၁၀၁၄၉၁]သည် အထက်ပါ မီနီကွန်ဒိုတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် (၂၉-၁၁-၂၀၂၄)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ မီနီကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း တိကျခိုင်လုံသော ကွန်ဒိုတိုက်ခန်း စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးထွန်းထွန်းဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဇန်မြင့်လွင်(LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၆၇)**
**တ/၁၅ ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၉၆၅၈၂၈၀၂၆**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈


## အများသိစေရန်ကြေညာခြင်း

ဦးမောင်ချမ်းသာ (၁၂/ပဘတ (နိုင်) ၀၂၇၀၉၄) (Passport No. MH098800) နှင့် Mrs. Khaoula Benachour တို့သည် နိကာဟ်ပြုထိမ်းမြားခဲ့ပြီး (၆-၁၂-၂၀၁၈) ရက်နေ့က သားတစ်ဦးထွန်းကားခဲ့ပြီး ကလေး၏ အမည်မှာ မောင်အောင်မင်းချမ်းသာ/AUNG MIN CHAN THA ဖြစ်ပါသည်။ AUNG MIN CHAN THA ၏ Passport အမှတ်မှာ MD360999 ဖြစ်ပါသည်။

ဦးမောင်ချမ်းသာ၏သားမောင်အောင်မင်းချမ်းသာအားမောင်အောင်မင်းချမ်းသာ/AUNG MIN CHAN THA အမည်မှ မောင်ရာအစ်ချမ်းသာ/RAID CHAN THA အမည်သို့ ပြောင်းလဲသတ်မှတ်ခေါ်ဆို သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးမောင်ချမ်းသာ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသိန်းထိုက် (LL.B)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)

အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၂၈၁၆၁

## အမည်ပြောင်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အင်းစိန်မြို့နယ် (U.T.S) ဦးသန်းစိန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-1 တွင် ပညာသင်ကြားနေသော အဖ ဦးကျော်ဇင်ဦး [၁၂/စခန (နိုင်) ၀၇၂၀၃၁]၏သမီး မယွန်းမေဘာယ်ဦးအား မသဲဖူးဖူးထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသဲဖူးဖူးထက်**

## ချစ်သော ဒီဇင်ဘာ

ဒီဇင်ဘာလမှာ မွေးဖွားခဲ့ကြတဲ့ ကျွန်တော် အရမ်းချစ်ရပါသော ချစ်ဇနီးချိုချို၊ သားကြီး ရာဇနှင့် သားငယ် သီဟတို့ မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံ၍ အသက်ရာကျော်ရှည်လို့ ဘ၀မှာ ကောင်းမြတ်ခြင်းများ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ **ဦးကျော်နန္ဒ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက် (၄၃) အခန်း (B) (၃-လွှာ) တိုက်ခန်းအား အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဒေါ်လှလှဝင်း (၁/မညန(နိုင်)၀၀၀၅၉၈) မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုလှိုင်ထွေး (၁၄/လပတ (နိုင်) ၁၁၄၉၈၁) က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးသီဟမျိုးဟန် (LL.B)**

အထက်တန်းရှေ့နေ (စဉ်-၂၇၂၂၀)

အမှတ်-၁၉၅ (ဒုထပ်)၊ ၃၃-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၂၅၄၂၀၆၈၆၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၆၁၊ ဦးပိုင်သစ်/မြေကွက် အမှတ်- ၇၂/က၊ ဧရိယာ (၄.၀၀)ဧက အကျယ်အဝန်းရှိ အပိုင်ဝယ်ယူသူ အမည်ပေါက် ပိုင်ဆိုင်သော"ဝ"မြေ လ/န၃၉ ရရှိပြီး မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်သော ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိမွန်ဆွေ [၁၀/ခဆန(နိုင်) ၁၁၁၀၁၁]၏ အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဦးထွန်းသန်း [၃/ဘအန(နိုင်) ၀၀၇၉၉၉] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL.B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | **(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL. B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၆၁၁)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦ၏ စတုတ္ထထပ်၊ (၅)လွှာ၊ အခန်းအမှတ်(၅၀၁)၊ အကျယ်အဝန်း (အလျား၂၀ပေxအနံ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းလာသူ **ကွန်ဘွန်ယူး(ခ)ဦးကျော်မြင့်(ဘ)ဦးဖုံတက်ခွန် [၁၂/ကတတ(ဧည့်)၀၀၀၄၀၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သက်ထားဦး [၁၂/လသန(နိုင်)၀၁၇၁၅၅]** က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်မော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၅)**

**အမှတ်-၆/၈၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၆၀၆၂၃၃၆၁၊ ၀၉-၇၉၁၂၅၈၇၁၄**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ခင်လေး [၁၂/ဗတထ(နိုင်) ၀၃၀၅၆၆]နှင့် ဦးအေးသိန်း [၁၂/ဗတထ(နိုင်) ၀၂၈၈၁၀]တို့သည် (၂၉-၁၁-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် ဦးအေးသိန်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဇနီး၊ သားသမီးတို့ အပြင် ညီအစ်ကိုမောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ခင်ခင်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီနီအောင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၁၅၂)**

**အမှတ်( ၆)၊ ဒေါနလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၄-ရပ်ကွက်၊ အကျိုးဆောင်လမ်း၊ အမှတ်- ၈၁၂/ခ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ်- ၈၁၂/ခ၊ အကျယ်(၄၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ ခြေရင်းဘက်ခြမ်း (၂၀'x၆၀')၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန် (ဂရန်မိတ္တူခြမ်း)၊ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးစိုးအောင် (DDE-၀၁၃၄၀၄) [၁၂/ဒလန(နိုင်) ၀၀၇၈၅၇] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဒေါ်လှလှအေး [၁၂/ဒပန(နိုင်) ၀၄၂၁၈၂]မှ မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)** |

**အမှတ်(၇၅၁) (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀-ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်- ၁၁၂၃ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၊ မြေကွက်အမှတ်- ၁၁၂၃၊ ဧရိယာ(၀.၀၅၄)ဧက၊ မြေအမျိုးအစား- နှစ်(၆၀) မြေငှားဂရန်၊ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်စံပယ်ဖြူ [၁၂/မဂဒ (နိုင်) ၀၁၈၁၆၉]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၂၁၅၄၄/၂၀၂၃ (၅-၁၀-၂၀၂၃)အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးအောင်မျိုးသန့် [၁/ မကန(ဧည့်) ၀၀၁၆၈၂]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဒေါ်ကေသီဖြိုးကျော်(LL.B, D.B.L, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၃၁၇၈)** |

**အမှတ်(၇၅၁) (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း- ၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁/တိုးချဲ့ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်- ၅၂၇ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁/တိုးချဲ့၊ မြေကွက်အမှတ်- ၅၂၇၊ အကျယ်(၅၀'x၈၀')၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးဇော်လွင်ဦး [၁၀/မဒန(နိုင်) ၀၂၆၀၄၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှလှဝင်း [၁၂/တမန(နိုင်)၁၃၂၈၄၃]က ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဒေါ်ကေသီဖြိုးကျော်(LL.B, D.B.L, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၃၁၇၈)** |

**အမှတ်(၇၅၁) (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း- ၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆-ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ်- ၅၇၆/ခ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆၊ မြေကွက်အမှတ်- ၅၇၆/ခ၊ ဧရိယာ (၀.၀၂၇၅)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်သိဏ်း [၁၂/အလန(နိုင်) ၀၁၆၈၉၇] (CE-၀၅၀၃၂၃)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင်သန်းဌေး [၁၂/လသန(နိုင်) ၀၁၀၂၇၅]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသောရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)** |

**အမှတ်(၇၅၁) (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် (၁၇၄)နေ ဒေါ်မထွေး [၁၄/မမန (နိုင်) ၁၃၄၂၅၆]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၁၂၄၆/၂၀၁၄)၊ (၄/၁၁၂၄၇/၂၀၁၄)၊ (၄/၁၁၂၄၈/၂၀၁၄)၊ (၄/၁၁၂၄၉/၂၀၁၄) တို့ဖြင့် မှတ်ပုံတင် တင်သွင်းကြေညာစာချုပ် ပြုလုပ်ထားပြီးဖြစ်ပါသည်။ ဒေါ်ထွေးသည် (၂၇-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပြီးဖြစ်သောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်စိုး(ခ)အတူး [၁၄/မမန(နိုင်) ၁၄၂၃၅၆]မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီးဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၄/၁၁၂၄၆/၂၀၁၄) | (၄/၁၁၂၄၇/၂၀၁၄) | (၄/၁၁၂၄၈/၂၀၁၄) | (၄/၁၁၂၄၉/၂၀၁၄) |

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် **"ရွှေထည်ပစ္စည်းအမျိုးမျိုး၊ စိန်ထည်ပစ္စည်းအမျိုးမျိုး၊ လက်ဝတ်ရတနာအမျိုးမျိုး၊ ကျောက်မျက်ရတနာအမျိုးမျိုး၊ ရွှေပန်းထိမ်လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး"**တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားဝင်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ဖျက်စီးပြုပြင်၍ အခြားအမည်များတပ်၍ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမောင်မောင်သူရ (မြောင်းမြ)**

**LL. B, A.G.T.I (EP), D.B.L, D.M.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၅၁၈၄၀၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ "MO New Ton Security Service Co.,Ltd" အား ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၂၈) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များထဲမှ ဒါရိုက်တာ (၂)ဦးနုတ်ထွက်ခြင်းနှင့် လုပ်ငန်းလုပ်ပိုင်ခွင့်ဆိုင်ရာ တာဝန်အရပ်ရပ်အား"Great Save Security Service Co.,Ltd"ထံသို့ အပြီးအပိုင် လွှဲပြောင်းအပ်နှံခြင်းဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်မည်ဖြစ်သည့်အတွက် "MO New Ton Security Service Co.,Ltd" နှင့် ပတ်သက်၍ စာရင်းရှင်းလင်းခြင်း၊ အရှုပ်အရှင်းနှင့် ကန့်ကွက်လိုခြင်း ကိစ္စရပ်များရှိပါက ယခုသတင်းစာ ကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**Great Save Security Service Co.,Ltd ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပအောင် (LL.B,DBL)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၁၅)**
**အမှတ်(၂၃)၊ သိင်္ဂီလမ်း၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၃၇၅၁၀၁၉**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**အင်းစိန်ခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၄၇**

| | | |
|---|---|---|
| ဒေါ်ချိုချိုလတ် (တရားနိုင်) | { နှင့် } | ဦးဝင်းကြည် (တရားရှုံး) |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၀ တွင်ချမှတ်ခဲ့သော ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ( ၂၀ ) ရက်နေ့၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City၊ သဇင်(၃) လမ်း၊ အမှတ်(B-၁၃၀)ဟုခေါ်တွင်သော အလျား x အနံ (၄၀ x ၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ထပ် တိုက်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။
ကြမ်းခင်းဈေး ကျပ်သိန်း ( ၂၉၀၀ )

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်စည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၈ )ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်လင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အင်းစိန်ခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**အင်းစိန်ခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၅၀**

| | | |
|---|---|---|
| ဦးထိန်ငွေလင်း (တရားနိုင်) | { နှင့် } | ဦးဝင်းကြည် (တရားရှုံး) |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၂ တွင်ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန် အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၀ ) ရက်နေ့၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City၊ သဇင်(၃) လမ်း၊ အမှတ်(B-၁၃၀)ဟုခေါ်တွင်သော အလျား x အနံ (၄၀ x ၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ထပ် တိုက်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။
ကြမ်းခင်းဈေး ကျပ်သိန်း ( ၂၉၀၀ )

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်စည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၈ )ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်လင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အင်းစိန်ခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ကြေးတိုင်စု(၂)လမ်း၊မြေကွက်အမှတ်(၁၀၆၈)၊ဧရိယာ(၀.၀၅၅)ဧက နှင့် မြေကွက်အမှတ်(၁၀၇၁)၊ဧရိယာ(၀.၀၅၆)ဧကရှိသည့်၊ နှစ်(၆၀)မြေငှားဂရန်(၂)စောင်တွင် ဦးလှိုင်တင်(HGU-၀၆၅၈၆၃) အမည်ပေါက် မြေကွက်(၂)ကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်(၂)ကွက်ကို နှစ်(၆၀)မြေငှားဂရန်(၂)စောင်တွင် တရားဝင်အမည်ပေါက်သူ ဦးလှိုင်တင်(HGU-၀၆၅၈၆၃)(၁၂/တမန(နိုင်)၀၂၆၁၈၄)ကိုယ်တိုင်က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ၁။ဦးအောင်သက်လင်း(၇/ကဝန(နိုင်)၁၂၁၈၁၅) ၂။ဒေါ်ရီနှင်းထိုက်(၆/မမန(နိုင်)၁၇၀၁၄၆)တို့က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်(၂)ကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ နှင်းဆီလမ်း၊ (၁၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် (၄၁၆)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၆၂)ဧကရှိ ဦးမြအုန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော မြေကွက်၏(ခေါင်းရင်း)ဘက်အခြမ်း အကျယ်အဝန်း (၂၅x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးအစုံပါ နှစ်ထပ်တိုက်အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

အထက်ပါမြေနှင့်အိမ်အား ဂရန်အမည်ပေါက် ကွယ်လွန်သွားသည်ဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းအေး [၁၁/ကဖန(နိုင်)၀၀၃၅၆၉]မှ အမွေဆက်ခံပိုင်ဆိုင်၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေနှင့် အိမ်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးနိုင်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## "အများသိရှိစေရန် အသိပေးကြေညာခြင်း"

ဒေါ်မြကြေးမုံ(ခ)ဆုသက်ထားစံ (ဘ) ဦးကျော်ထွန်း [၁၂/ဗတထ(နိုင်)၀၃၂၄၂၈] အမှတ်(၁၅/ဘီ)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေနှင့် ခင်ပွန်း ဦးထွန်းလင်းအောင်တို့သည် ယနေ့အချိန်အထိ တရားဝင်အကြင်လင်မယားများဖြစ်ကြပြီး လင်မယားနှစ်ဦး၏ ကြိုးပမ်းရှာဖွေမှုကြောင့် အငှားယာဉ် Taxi (၃)စီး၊ (၁) ယာဉ်အမှတ်-AA/5945 Toyota Caldina ET 196 (ခဲရောင်/အဝါရောင်)၊ (၂) ယာဉ်အမှတ်-DD/3576 Toyota Caldina ET 196 (အဖြူရောင်)၊ (၃) ယာဉ်အမှတ်-BB/2889 Toyota Caldina ET 196 (အဖြူရောင်)၊ အိမ်စီးယာဉ်(၃)စီး၊ (၁) ယာဉ်အမှတ်-1S/2382 Chevrolet Equinox (အဖြူရောင်)၊ (၂) ယာဉ်အမှတ် 6D/8665 Toyota Probox NCP 50 (ခဲရောင်)၊ (၃) ယာဉ်အမှတ်-1N/2825 ISUZU BIGHORN UBS 73 GW (အစိမ်းရောင်/ခဲရောင်) နှင့် (၁) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၅/ဘီ)ဟု ခေါ်တွင်သည့် ဒေါ်အေးအေးထွန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက် (၂၀ပေx၆၀ပေ)နှင့် (၃)ထပ်ခွဲ တိုက်တစ်လုံးနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်များအားလုံး၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်စောလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးဦးစီးရေးဌာနမှ အငှားချထားသော ဦးငွေအောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အမှတ်(၅၄/က)၊ ဧရိယာ(၂၇ ပေx ၄၅ပေ)နှင့် (၃) ယင်းမြေနှင့်ကပ်လျက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးဦးစီးရေးဌာနမှ အငှားချထားသော ဦးအောင်ခင်၊ ဒေါ်အေးမီ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အမှတ် (၅၄/ခ)၊ ဧရိယာမျက်နှာစာ(၄)ခု၊ (၂၃ပေ+၄၅ပေ+ ၂၇ပေ+ ၃၇ပေ)၊ ယင်းမြေကွက်(၂)ကွက်တွင် တည်ဆောက်ထားသည့် အမှတ်(၅၄) ဟုခေါ်တွင်သော တစ်ထပ်တိုက် (၁)လုံးနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်များအားလုံးအစရှိသော မြေကွက်(၃)ကွက်နှင့် အိမ်(၂) လုံးကို ဝယ်ယူဖြစ်ထွန်းခဲ့ပါသည်။ အထက်ဖော်ပြပါ မော်တော်ယာဉ်(၆)စီးနှင့် မြေကွက်(၃)ကွက်၊ အိမ်(၂)လုံးအား ကျွန်ုပ်မိတ်ဆွေက အတိအလင်း သိရှိသဘောတူခွင့်ပြုခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းစီမံခန့်ခွဲမှုများမပြုလုပ်ရန်နှင့် ထိုသို့ ပြုလုပ်ခဲ့ပါက တရားမဝင် အတည်မဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သောင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၉)**
**ဖုန်း-၀၉-၄၃၁၃၈၅၆၄၊ ၀၉-၇၇၀၆၆၆၁၂၆**

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကစရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး ပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြဲ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

စာဖြေသံဃာများရောက်ရှိသည့် ၂၂-၁၁-၂၀၂၄ မှ ၃၁-၁-၂၀၂၅ ထိအောက်ပါနှုန်းထားအတိုင်းပြင်ဆင်ပါသည်။

| | | |
|---|---|---|
| ၁။ ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀ဝိ/- | ပိတ်ရက် |
| ၂။ ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- | မရှိ |
| ၃။ ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | လှူဒါန်း |
| ၄။ စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | နိုင် |
| ၅။ ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၁၅၀၀၀ဝိ/- | ပါသည် |
| ၆။ ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း | ကျပ်-၃၀၀၀၀ဝိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501
-AGD Bank(MGTN), A/c 3240301000254013
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၀၁-၈/၂၂၂၂၇၇၊/၂၂၂၂၇၈၊/၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅
၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉၇၆၇၆၄၁၃၄၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၇၄၉)၊ ကွင်းအမည်(ညောင်လေးပင်)၊ ဦးပိုင်အမှတ် (၄၄/၃)၊ အကျယ်အဝန်း ဧရိယာ-(၀.၇၅)ဧကရှိ ဥယျာဉ်ခြံမြေကွက်၊ ဥယျာဉ်ခြံမြေ လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ရှင်ဖြစ်သော ဒေါ်သူဇာမြင့် [၁၂/စခန(နိုင်)၀၅၂၉၇၀] မှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းအနေဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကြိုင် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၇၄၉)**
**တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်လမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၄၁၆၈၈၃**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁/၂၊ မြေကွက်အမှတ်-၄၆၃၊ အဆောက်အအုံအမှတ်-၄၆၃တွင်ဆောက်လုပ်ထားသော ၂ခန်းတွဲ၊ (၃ ၁/၂ )ထပ် အဆောက်အဦ၏ မြေညီထပ် (ခေါင်းရင်း)ခန်း၊ (၁၂.၅x ၅၀)ပေရှိ ရေမီးအစုံပါဝင်သော တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ အဆက်ဆက်စာချုပ်များဖြင့် တရားဝင်လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစည်သူ(ဘ) ဦးသန်းစိန် [၇/ပမန(နိုင်)၀၀၂၈၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လှိုင်ဦး(ဘ)ဦးမောင်လှိုင် [၁၂/လမန(နိုင်)၁၃၁၅၅၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသည့်အထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လှိုင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမူ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၄)**
**အမှတ်-၉/ ၁၁၊ အခန်း-၃၀၂(F)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၁၂၅၆**

## အများသိစေရန်ကြေညာ

